# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရားဌ်တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက် အင်္ဂါနေ့။ Tuesday, 21 April 2026 ၁၂၁၅၅




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## အစိုးရအဖွဲ့အနေဖြင့် ယနေ့မှစ၍ ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များ ထည့်သွင်းပြောကြား

နေပြည်တော် ဧပြီ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰


ယနေ့ ဖတ်စရာ

**သီးနှံပင်နှင့် မြေဆီလွှာအကျိုးပြု သဘာဝတီကျစ်မြေဩဇာကို ထုတ်လုပ်သုံးစွဲကြပါစို့**

ဆောင်းပါး စာမျက်နှာ » ၆

**မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ ထုတ်ပြန်ခြင်း** စာမျက်နှာ » ၉

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်တွင်းထုတ် ဒီဇယ်ဆီများကို တောင်သူများထံသို့ အထူးသက်သာသောဈေးနှုန်းဖြင့် လုပ်ငန်းခွင်အရောက် ဆက်လက်ရောင်းချပေးလျက်ရှိ** စာမျက်နှာ » ၁၆




ကြေးမုံ

# တောင်သူများအဆင်ပြေစေရေး သွင်းအားစုများဖြည့်ဆည်းပေး

ယခုကာလတွင် အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပေါ်ခဲ့သောပဋိပက္ခများကြောင့် စက်သုံးဆီအခက်အခဲများနှင့် နောက်ဆက်တွဲ ဂယက်ရိုက်ခတ်မှုများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း စက်သုံးဆီအခက်အခဲများနှင့် အထွေထွေလိုအပ်ချက်များကို ရင်ဆိုင်ဖြေရှင်းခဲ့ရသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် ပြည်သူများ၏ လိုအပ်ချက်များနှင့်အတူ တောင်သူလယ်သမားများ၏ သွင်းအားစုကုန်ပစ္စည်းများနှင့် ပတ်သက်၍လည်း အခက်အခဲမရှိအောင် ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီတို့နှင့်ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တောင်သူလယ်သမားများအား စက်သုံးဆီအခက်အခဲ လျော့နည်းသက်သာစေရေးနှင့် ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူနိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအချိန်ကာလသည် ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးရေးရာသီကာလဖြစ်သည်။ အချို့တောင်သူများအနေဖြင့် စိုက်ပျိုးပြီးစီးပြီး အချို့စိုက်ပျိုးရန်ကျန်ရှိသော ကျေးရွာများရှိ တောင်သူများလိုအပ်သည့် လယ်ယာလုပ်ငန်းခွင်သုံး ပြည်တွင်းထုတ်ဒီဇယ်ဆီကို တစ်ဂါလန်လျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ကျေးရွာအရောက် ရောင်းချပေးလျက်ရှိသည်။

တောင်သူများအနေဖြင့် ကမ္ဘာ့စီးပွားရေးဂယက်ရိုက်ခတ်မှုကြောင့် စက်သုံးဆီနှင့် ဓာတ်မြေဩဇာများရှားပါးမှု၊ ဈေးနှုန်းကြီးမြင့်မှုနှင့် ကြုံတွေ့နေသည့်အခက်အခဲကို နိုင်ငံတော်က ကူညီဖြေရှင်းပေးလျက်ရှိသည်။ ထိုသို့လိုအပ်သည့်စက်သုံးဆီများကို ကူညီဖြည့်ဆည်းပေးလျက်ရှိသည့်နည်းတူ နိုင်ငံတော်အစိုးရ၏ စီမံခန့်ခွဲမှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ပေါင်းစပ်၍ နွေစပါးစိုက်ပျိုးသည့် တောင်သူများသွင်းအားစုဖြစ်သည့် ဓာတ်မြေဩဇာများ အရည်အသွေးမှန်ကန်စွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးထွန်ယက်စိုက်ပျိုးရန်ကျန်ရှိသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ ပုလဲဓာတ်မြေဩဇာ တစ်အိတ်လျှင် ငွေကျပ် ၁၀၀၅၀၀ နှုန်းဖြင့် လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခြင်းကို ကျေးရွာများရှိ စိုက်ပျိုးရေးနည်းပညာပေးစင်တာများတွင် ပြုလုပ်ခဲ့ရာ ဓာတ်မြေဩဇာဝယ်ယူကြသည့် နွေစပါးစိုက်တောင်သူများအား ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်များက တွေ့ဆုံအားပေးခဲ့ကြသည်။ အဆိုပါအခမ်းအနားတွင် တောင်သူများအနေဖြင့် ဓာတ်မြေဩဇာများကို အသုံးပြုရာ၌ အလေအလွင့်မဖြစ်ပေါ်စေရေးနှင့် သီးနှံသက်တမ်းအလိုက် ထည့်သွင်းနည်းစနစ်အတိုင်း မှန်မှန်ကန်ကန်အသုံးပြုပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက်သာမက ပြည်ပသို့ဆန်တင်ပို့မှု မြှင့်တင်နိုင်ရေးတို့ကိုပါ မှာကြားခဲ့သည်။

နိုင်ငံတော်က နွေစပါးစိုက်တောင်သူများအတွက် လိုအပ်မှုများအား ဖြည့်ဆည်းပေးမှုကို စနစ်တကျအသုံးချပြီး နိုင်ငံတော်၏ ရည်မှန်းချက်များကို ပြည့်မီအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာခြောက်ရွာသို့ စက်သုံးဆီများနှင့်အတူ ဓာတ်မြေဩဇာများရောင်းချပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း လက်ရှိစိုက်ပျိုးလျက်ရှိသော နွေစပါးစိုက်ဧကများမှ ထွန်ယက်စိုက်ပျိုးရန်ကျန်ရှိသည့် ဧရိယာ၏ ဓာတ်မြေဩဇာလိုအပ်ချက် ၃၀ ရာခိုင်နှုန်းကို ပထမအသုတ်အဖြစ် သက်ဆိုင်ရာအစိုးရအဖွဲ့များ၏ မြေပြင်ကွင်းဆင်းစိစစ်ထားသော ထောက်ခံချက်များဖြင့် ရောင်းချပေးလျက်ရှိသည်။ ကျန်စိုက်ပျိုးဧရိယာများအတွက်လည်း အသုံးပြုရမည့်ကာလအမီ နှစ်ကြိမ်ခွဲရောင်းချပေးခြင်းဖြင့် စိုက်ပျိုးသီးနှံအထွက်နှုန်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူများအကျိုးစီးပွားအတွက် အေးချမ်းသာယာဝပြောရေးနှင့် စာရေရိက္ခာဖူလုံရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စားရေရိက္ခာဖူလုံရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်သူလယ်သမားဦးကြီးများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည့်သွင်းအားစုများကို မပြတ်မနေ ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရက ပြည်သူများ စားရေရိက္ခာပြည့်စုံရေးအတွက် တောင်သူများ၏ လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းပေးနေသလို တောင်သူများကလည်း ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပြီး တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ နိုင်ငံ့စီးပွား မြင့်မားတိုးတက်ရေးလုပ်ငန်းများတွင် အားလုံးလက်တွဲ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## (၂၀-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃.၂ ~ ၃၆၆၆ | ၅၅၇.၅ ~ ၅၅၈.၂ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၀,၈၃၇,၀၂၄.၅၉ | ၂,၂၆၀,၀၉၆.၂၁ | ၁၆,၈၂၀,၇၇၈.၄၈ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | ၃,၈၆၁,၅၂၉.၃၈ | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် စားသုံးကုန်စည်များတင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၈ သန်းကိုလည်းကောင်း၊ ဗဟိုဘဏ်မှ စက်မှုကုန်ကြမ်းကဏ္ဍ၊ ကားအပိုပစ္စည်းကဏ္ဍ၊ လယ်ယာသုံးပစ္စည်းကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍတို့သို့ ထိုင်းဘတ် ၃ ဒသမ ၈၆ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အင်အားပြင်းထန်သောမြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဧပြီ ၂၀

ယနေ့ မွန်းလွဲ ၂ နာရီ ၂၂ မိနစ် ၅၈ စက္ကန့်တွင် နေပြည်တော်မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၃၁၀၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Near East Coast of Honshu, Japan)၊ မြောက်လတ္တီတွဒ် ၃၉ ဒသမ ၈၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၄၃ ဒသမ ၂၅ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၇ ဒသမ ၄ (M) အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဧပြီ ၂၀

ယနေ့ နံနက် ၁၁ နာရီ ၁၇ မိနစ် ၃၆ စက္ကန့်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၆၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မင်းကင်းမြို့၏ တောင်-အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၆၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၆၁ ဒီဂရီ၊ အနက် ၄၉ ကီလိုမီတာကိုဗဟိုပြု၍ပမာဏ ၃ ဒသမ ၈(M) အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ၂၀ - ၄ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၄ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၅၀၀ | ၁၃,၀၀၀ | ၁,၃၀၅ | ၁၆,၉၆၈,၀၀၀ |
| MTSH | ၆,၂၀၀ | ၆,၂၀၀ | ၂,၃၂၀ | ၁၄,၁၃၄,၀၀၀ |
| MCB | ၉,၃၀၀ | ၉,၃၀၀ | ၁၀ | ၉၃,၀၀၀ |
| FPB | ၄,၁၀၀ | ၄,၀၀၀ | ၁၄,၈၈၁ | ၅၈,၈၇၆,၆၅၀ |
| TMH | ၃,၁၅၀ | ၃,၁၅၀ | ၁၀ | ၃၁,၅၀၀ |
| EFR | ၁,၈၅၀ | ၁,၉၀၀ | ၂၂၉ | ၄၃၃,၁၀၀ |
| AMATA | ၃,၉၀၀ | ၄,၀၀၀ | ၆ | ၂၃,၉၀၀ |
| MAEX | ၃,၉၅၀ | ၄,၀၀၀ | ၇၁၅ | ၂,၈၂၈,၂၅၀ |
| MADPL(PLB) | ၃,၃၀၀ | ၃,၃၅၀ | ၁,၀၂၀ | ၃,၄၁၆,၀၀၀ |
| ASPGB(PLB) | ၃၉,၀၀၀ | ၃၉,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍကိုမြှင့်တင်၍ နိုင်ငံသူ နိုင်ငံသားများ၏ စိတ်နေစိတ်ထား(Mind Set) မြှင့်မားလာအောင် ဆောင်ရွက်

☆ ရှေ့ဖုံးမှ

**လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍသည် အရေးကြီး**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေးသည် မိမိတို့ အစိုးရအဖွဲ့၏ ပထမဆုံးအစည်းအဝေးဖြစ်ပြီး ငါးနှစ်တာကာလအတွက် လုပ်ဆောင်ရန်လိုအပ်သည်များကို ပြောကြားလိုကြောင်း၊ အဓိကအားဖြင့် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့်အချိန်တွင် မီဒီယာများ၏မေးမြန်းမှုအပေါ် မိမိအနေဖြင့် ပြန်လည်ဖြေကြားရာ၌ **တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အလေးထား၍ ဦးစားပေးဆောင်ရွက်သွားမည်** ဟုပြောကြားခဲ့ကြောင်း၊ အလားတူ ပြည်သူများအား မှာကြားလိုသည်ကို မေးမြန်းခဲ့ရာ မိမိအနေဖြင့် **တိုင်းပြည်စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နေကြရန်နှင့် အလုပ်လုပ်ကြရန် တိုက်တွန်းလို**ပါသည်ဟု ပြန်လည်ဖြေကြားခဲ့ကြောင်း။

တိုင်းပြည်တည်ငြိမ်အေးချမ်းရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်ဆိုသည့် အချက်အပေါ်မူတည်၍ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတိုင်းရှိပြည်သူပြည်သားများအနေဖြင့် ၎င်းတို့၏အကျိုးကို ဖော်ဆောင်ပေးနိုင်မှုအပေါ်ကိုကြည့်၍ အစိုးရအဖွဲ့၏ တိုင်းပြည်အတွက် ဆောင်ရွက်မှုများကို ကြည့်ရှုကြခြင်းဖြစ်ကြောင်း၊ မိမိဦးဆောင်သည့် အစိုးရအဖွဲ့ကို ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အတွက် တာဝန်ရှိကြောင်း၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနိုင်ရန်အတွက် တစ်ဦးချင်း စီးပွားဘဝများ တိုးတက်ရေး၊ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဝင်ငွေများရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပညာရေးနှင့် ကျန်းမာရေးသည် အရေးကြီးကြောင်း။

မိမိတို့နိုင်ငံ၏ ပညာရေးကို ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုပါက လွတ်လပ်ရေး မရမီကာလနှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းဟူ၍ နှစ်ပိုင်းခွဲပြီး ကြည့်နိုင်ကြောင်း၊ လွတ်လပ်ရေးမဆုံးရှုံးမီကာလက စနစ်တကျသင်ကြားသည့် ပညာရေးစနစ် အားနည်းခဲ့ကြောင်း၊ ထိုအချိန်တွင် အခြားနိုင်ငံများ၌ စနစ်တကျ ဖြင့်သင်ကြားသည့် ပညာရေးစနစ်ကို ကျင့်သုံးနေကြပြီဖြစ်ကြောင်း၊ လွတ်လပ်ရေးဆုံးရှုံးပြီးချိန် နောက်ပိုင်းတွင်လည်း လွတ်လပ်ရေးရရှိရန်အတွက် ကြိုးပမ်းနေရသဖြင့် ပညာသင်ကြားမှုများ အားနည်းချက်ရှိခဲ့ကြောင်း၊ အလားတူ လွတ်လပ်ရေးရရှိပြီးအချိန်တွင်လည်း နိုင်ငံရေးအရ သဘောထားကွဲလွဲမှုနှင့် တိုင်းရင်းသားရေးပြဿနာများကြောင့် ပြည်သူများ ပညာသင်ကြားရေးအတွက် အခက်အခဲများရှိခဲ့သဖြင့် ပညာရေးအားနည်းချက်များရှိခဲ့ကြောင်း။

ထို့ကြောင့် နောက်ပိုင်းတွင် ပညာမတတ်သူ ပပျောက်ရေးအတွက် "အ"သုံးလုံး လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ထိုအချိန်တွင် ကျောင်းနေရာခိုင်နှုန်းမှာလည်း နည်းပါးခဲ့ကြောင်း၊ ကျောင်းပညာသင်ကြားရေးနှင့် ပတ်သက်၍ အဆိုပါအချိန်ကတည်းက လူများစုပညာရေးမှာ အားနည်းချက်များရှိခဲ့ကြောင်း၊ သို့သော် လူနည်းစုပညာရေးမှာ ကောင်းမွန်ခဲ့ပြီး နိုင်ငံတကာအဆင့်မီသည့် ပညာရှင်များလည်း ထွက်ပေါ်ခဲ့ကြောင်း၊ ယခုအချိန်တွင်လည်း သက်ဆိုင်ရာဘာသာရပ်များအလိုက် ကျွမ်းကျင်သည့် ပါရဂူဘွဲ့ရရှိသူများအထိ များစွာရှိကြောင်း၊ အချို့ပါရဂူဘွဲ့များသည် ပြည်ပနိုင်ငံများမှရရှိခြင်းမဟုတ်ဘဲ ပြည်တွင်း၌ပင် အောင်မြင်သည့် ပါရဂူများဖြစ်ကြကြောင်း၊ အလားတူ ပြည်ပနိုင်ငံများ၌ ပညာတော်သင်သွားရောက်ပြီး D.Sc ဘွဲ့ရရှိသူများလည်း ရှိကြောင်း၊ ထို့ကြောင့် လူအများစုပညာရေးများ တိုးတက်လာစေရေး ပညာရေးနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပြီး မြှင့်တင်ပေးရန်လိုကြောင်း။

ယခင်က ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာမူလတန်းအဆင့်အား မသင်မနေရစနစ်ဖြင့် ဆောင်ရွက်ခဲ့သော်လည်း လူတိုင်းအခြေခံပညာမူလတန်း တက်ရောက်သင်ကြားမှု မရှိခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ယူရရှိခဲ့သည့် အချက်အလက်များအရ မိမိတို့နိုင်ငံ၏ ပညာရေးတွင် အားနည်းချက်များရှိသည်ကို တွေ့ရှိနိုင်ကြောင်း။

- ❖ **ပညာရေးကဏ္ဍ တိုးတက်ရေးအတွက် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများရှိ ပညာရေးကဏ္ဍများ ပါဝင်ပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုသွားမည်**
- ❖ **လာမည့် ဘဏ္ဍာရေးနှစ်တွင်လည်း ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ပြီး လာမည့်တစ်နှစ်ကျော်တွင် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုသွားမည်**
- ❖ **မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်သည့် ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမည်**

ထို့ကြောင့်နိုင်ငံတော်၏ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် မိမိတို့ တာဝန်ယူဆောင်ရွက်ချိန်တွင် KG+9 အထိ မသင်မနေရပညာရေးစနစ်အဖြစ် ပြောင်းလဲခဲ့ကြောင်း၊ နိုင်ငံတော်၏ ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် မိမိတို့အနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများကို ပညာရေးကဏ္ဍတွင် ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍ တိုးတက်ရေးအတွက် ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများရှိ ပညာရေးကဏ္ဍများ ပါဝင်ပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ လာမည့် ဘဏ္ဍာရေးနှစ်တွင်လည်း ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ပြီး လာမည့် တစ်နှစ်ကျော်တွင် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်သည့် ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်ကြောင်း။

ပညာရေးအားနည်းချက်များကြောင့် အသိပညာများအားနည်းပြီး ကျန်းမာရေးသည်လည်း အားနည်းသည်ကိုတွေ့ရကြောင်း၊ အလားတူ အတတ်ပညာများ အားနည်းခြင်းကြောင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိမှု အားနည်းပြီး ဝင်ငွေနည်းပါးကာ အာဟာရပြည့်ဝစွာ စားသုံးနိုင်မှုမရှိသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အားနည်းနေဆဲဖြစ်ကြောင်း၊ ထိုသို့ဖြစ်ရခြင်းများကို ပြန်လည်ဆန်းစစ်ကြည့်ပါက အဓိကအားဖြင့် စီးပွားရေးတိုးတက်မှုအားနည်းခြင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိခြင်းများမှ စတင်ခဲ့သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြုပြင်ဆောင်ရွက်သွားကြရန် လိုကြောင်း။

အားကစားကဏ္ဍမြှင့်မားလာရေးနှင့်ပတ်သက်၍ လူငယ်လူရွယ်များ၏ ကိုယ်လက်ကြံ့ခိုင်မှုများ တိုးတက်လာစေရေး ပညာသင်ကြားသည့်အရွယ်တွင် အခြေခံပညာကျောင်းများ၌ ကိုယ်လက်လှုပ်ရှားမှုများနှင့် အားကစားဆောင်ရွက်မှုများကို စနစ်တကျ လုပ်ဆောင်နိုင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်ရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ လူငယ်လူရွယ်များ၏ စိတ်ဓာတ်၊ စည်းကမ်းများ ကောင်းမွန်လာစေရေးနှင့် ခံယူချက်များ ကောင်းမွန်လာစေရေးအတွက်လည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပညာရေးကဏ္ဍ မြှင့်တင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် ကျောင်းနေရာခိုင်နှုန်းများ မြင့်တက်လာစေရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

ခေတ်အဆက်ဆက်တွင် စာသင်ကျောင်းများကို တိုးချဲ့ဖွင့်လှစ်ခဲ့ကြသော်လည်း အချို့အခြေခံပညာကျောင်းများသည် သတ်မှတ်ထားသည့်အဆင့်အလိုက် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိကြသည်ကို တွေ့ရကြောင်း၊ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အားကစားပြုလုပ်နိုင်ရန်အတွက် နေရာများရှိရန်လိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများအားလုံး သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်ကိုက်ညီအောင် ပြင်ဆင်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ပြင်ဆင်ပေးမှုများကြောင့် လူငယ်များ၏ အခြေခံစိတ်ဓာတ်များ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဆိုသည့်အတိုင်း မျိုးချစ်စိတ်ဓာတ်ရှိသည့်၊ စည်းကမ်းကောင်းမွန်မှုရှိသည့် လူငယ်များကို အခြေခံပညာကျောင်းများမှ မွေးထုတ်ပေးသွားရန်လိုကြောင်း၊ နိုင်ငံ၏အနာဂတ်အတွက် အခြေခံပညာကျောင်းများမှစတင်၍ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေး ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံအတွက် တန်ဖိုးအရှိဆုံးသော ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ပညာရေးအားနည်းမှုများကြောင့် အသိပညာအားနည်းမှုများ ဖြစ်ပေါ်လာသည့်အခါ နိုင်ငံရေးပြဿနာများ ဖြစ်ပေါ်လာသည်ကို ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် တွေ့ရှိနိုင်ကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ပေါ်ပေါက်လာခဲ့ပြီး ၎င်းတို့အနေဖြင့် ထိုအချိန်က ရွေးကောက်ပွဲရလဒ်အပေါ် ကျေနပ်မှုမရှိဘဲ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အဆိုပါအခြေအနေသို့ ရောက်ရှိလာခြင်းသည် မိမိတို့နိုင်ငံ၏ ပညာရေးအားနည်းချက်ကိုအသုံးချ၍ ပြည်တွင်း၊ ပြည်ပမှ နိုင်ငံရေးသမားများက ၎င်းတို့၏ အကျိုးအတွက် သွေးထိုးလှုံ့ဆော်၍ အသုံးချလုပ်ဆောင်ခဲ့ကြခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ပညာရေးကဏ္ဍကို မြှင့်တင်၍ နိုင်ငံသူ နိုင်ငံသားများ၏ စိတ်နေစိတ်ထား(Mind Set) ကို မြင့်မားလာအောင် ဆောင်ရွက်သွားရန်လိုကြောင်း။

အလားတူ ကျန်းမာရေးကောင်းမွန်ရန်အတွက် ပြည်သူများအနေဖြင့် အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်ရန်လိုကြောင်း၊ ထိုသို့စားသုံးနိုင်ရန်အတွက် နေ့စဉ်ဝင်ငွေများ ရရှိနေရန်လိုကြောင်း၊ အလားတူ ဒေသအလိုက် အသား၊ ငါးများကို ဖူလုံစွာဖြင့် ထုတ်လုပ်နေရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံများ၊ တက္ကသိုလ်များကို ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်း။

**နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အားလုံးက ကျယ်ကျယ်ပြန့်ပြန့် မြော်တွေးဆောင်ရွက်**

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် စီးပွားရေးကောင်းမွန်ရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင် နေထိုင်ကြပြီး ၇၀ ရာခိုင်နှုန်းနီးပါးခန့်သည် ကျေးလက်တွင်နေထိုင်ကြကြောင်း၊ ထိုအထဲတွင် နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်ရေထွက်ကုန်လုပ်ငန်းများကို လုပ်ဆောင်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ဆင်းရဲမွဲတေမှုမှာ ဒေသတွင်းနိုင်ငံများတွင် မြင့်မားသည်ဟု ထုတ်ပြန်ချက်များအရ သိရှိရကြောင်း၊ ထိုအထဲတွင် ကျေးလက်နေပြည်သူများ၏ ဆင်းရဲမွဲတေမှု ပိုမိုများပြားသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးမှသာ ၎င်းတို့၏ ဝင်ငွေများတိုးတက်လာပြီး လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း၊ သို့မှသာ ဆင်းရဲမွဲတေမှုရာခိုင်နှုန်းများ ကျဆင်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးကို မြှင့်တင်ပေးရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပေးသွားရန်လိုကြောင်း။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ လူသားအရင်းအမြစ်များ ရရှိရေးအတွက် အခြေခံပညာအလယ်တန်းများတွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံဘာသာရပ်များသင်ကြားရေးကို ဆောင်ရွက်သွားမည်ဖြစ်ပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌လည်း လူသားအရင်းအမြစ်ကောင်းများ ရရှိရေးနှင့် ပတ်သက်၍ အလေးထားပြီး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်ပစ္စည်းများရရှိရမည်ဖြစ်ပြီး ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သကဲ့သို့ ပြည်ပပို့ကုန်များ တိုးမြှင့်ရရှိစေနိုင်ကြောင်း၊ ထုတ်ကုန်များကို ပိုမိုတင်ပို့နိုင်ခြင်းဖြင့် ပြည်ပဝင်ငွေများစွာရရှိနိုင်မည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုက မဖြစ်မနေမြှင့်တင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌လည်း ဒေသအလိုက်ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း။

စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် သွင်းအားစုများရရှိရေးအတွက် နိုင်ငံတော်အနေဖြင့် တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ သွင်းအားစုများတွင် လိုအပ်သည့် ရေများလုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းစီမံကိန်းများကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့နိုင်ငံ့အကျိုးအတွက်ဆောင်ရွက်ရမည့် စီမံကိန်းကြီးများကို အကောင်အထည်ဖော်ဆောင်ရွက်ချိန်တွင် ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်ရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများသည် များစွာအရေးပါကြောင်း၊ အလားတူ သမဝါယမစနစ်ဖြင့် ကုန်ထုတ်လုပ်မှုများကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ MSME လုပ်ငန်းများကို သမဝါယမစနစ်ဖြင့် ဆောင်ရွက်၍ ရသကဲ့သို့ တစ်ဦးချင်းအနေဖြင့်လည်း ဆောင်ရွက်နိုင်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုန်ကြမ်း၊ အရင်းအနှီး၊ သွင်းအားစုများနှင့် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကုန်ကြမ်းများကို ပြည်ပမှဝယ်ယူ၍ ဆောင်ရွက်ခြင်းထက် ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေနိုင်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် MSME လုပ်ငန်းများကို လေ့လာကြည့်မည်ဆိုပါက ဒေသတွင်းကုန်ကြမ်းများကို အသုံးပြုဆောင်ရွက်သည့် MSME လုပ်ငန်းများသည် ပိုမိုတိုးတက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ တိုးတက်စေရေးအတွက် လိုအပ်သည့်ရင်းနှီးမတည်ငွေများကို နိုင်ငံတော်မှ ထုတ်ချေးပေးလျက်ရှိပြီး လိုအပ်သည့်ဖြေလျှော့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိစေရေးအတွက်လည်း သိပ္ပံကျောင်းများမှတစ်ဆင့် သင့်တော်သည့် သိပ္ပံကျောင်းများကို တက္ကသိုလ်၊ ကောလိပ်အဆင့်မြှင့်တင်ခြင်းနှင့် တက္ကသိုလ်များ၊ Polytechnic သိပ္ပံများနှင့် တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ အချိန်တိုအတွင်း အကျိုးဖြစ်ထွန်းစေနိုင်မည့် Quick Win များကို မိမိတို့အနေဖြင့် ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ အဓိကအရေးကြီးသည်မှာ အလုပ်လုပ်ရန်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ အနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးသွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးဖြစ်ထွန်းပြီး ဝါကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းသည် စဉ်ဆက်မပြတ်သည့် ကွင်းဆက်ကုန်ထုတ်လုပ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုဖြစ်ပေါ်စေနိုင်သည့် စက်မှုကုန်ထုတ်လုပ်ငန်းပင်ဖြစ်ကြောင်း၊ ဝါထွက်ကုန်များမှတစ်ဆင့် ဝါ၊ ဝါဂွမ်း၊ ချည်မျှင်၊ အထည်အလိပ်လုပ်ငန်းများအထိ အဆင့်ဆင့်သော အလုပ်အကိုင်အခွင့်အလမ်းနှင့် ကုန်ထုတ်လုပ်မှုများကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ အလားတူ သယံဇာတများအပြားရှိပြီးဖြစ်သည့် ဝါး၊ ရော်ဘာတို့ကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားမည်ဆိုပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ အလားတူ သရက်၊ ဒူးရင်း၊ ကြက်မောက်၊ ရေတက်ကောင်း၊ ကျွဲကောတို့အပါအဝင် ဥယျာဉ်ခြံမြေထွက်သီးနှံများကိုလည်း မိမိတို့အနေဖြင့် အဆင့်မြင့်ကုန်ထုတ်သီးနှံများအဖြစ် ထုတ်လုပ်နိုင်အောင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း။

တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်ကျသည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် စနစ်ကျသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့ဒေသအတွက်လိုအပ်သည့် စားသောက်ကုန်များ ဖူလုံစွာရရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းစားသုံးမှု ဖူလုံမှုမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံး ဖူလုံရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက အသား၊ ငါးများ၏ ကုန်ဈေးနှုန်းများသည်လည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် သွားလာရေးခက်ခဲသည့် ဒေသများသို့ ရောက်ရှိစဉ် ဒေသခံများနှင့်တွေ့ဆုံ၍ အသား၊ ငါးများဈေးနှုန်းကြီးမြင့်ရခြင်းနှင့် ပတ်သက်ပြီး မေးမြန်းခဲ့ရာ ၎င်းတို့အနေဖြင့် ဒေသတွင်း၌ မွေးမြူရေးလုပ်ငန်းများအား ပြင်ပမှတိရစ္ဆာန်အစာများဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေရသဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့်ဖြစ်သည်ကို သိရှိခဲ့ရကြောင်း၊ ၎င်းတို့အနေဖြင့် ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပြောင်း၊ ဆန်ကွဲ၊ ဖွဲ တို့ကို အခြေခံသည့် တိရစ္ဆာန်အစာများကို ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများကိုလည်း လျှော့ချနိုင်စေမည်ဖြစ်ကြောင်း၊ ယေဘုယျအားဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအားမမျှတခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားခြင်းတို့ကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ရခြင်း ဖြစ်ကြောင်း။

ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်နည်းပညာခေတ်ဖြစ်သဖြင့် နိုင်ငံတကာများကိုနှာစာတွင် ခေတ်နောက်ကျမကျန်ခဲ့စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အခြေခံလူတန်းစားများ ပညာရည်မြင့်မားစေရေး၊ ပညာရည်မြင့်မားသူများအနေဖြင့် အိုင်တီနည်းပညာနှင့်ပတ်သက်၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် မိမိတို့၏ လုပ်ဆောင်ချက်များအပေါ်တွင် အားပေးထောက်ခံကြသူများရှိသကဲ့သို့ ဝေဖန်ထောက်ပြပြောဆိုမည့် အတိုက်အခံများသည်လည်း ရှိလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် တိုင်းပြည်နှင့် ပြည်သူလူထု အကျိုးအတွက် အမှန်တကယ်ကြိုးပမ်းအလုပ်လုပ်ကြရန်၊ အဂတိကင်းစွာဖြင့် လုပ်ဆောင်ကြရန်လိုကြောင်း။

**❛ကျွန်တော်တို့လည်း ငြိမ်းချမ်းရေးလိုချင်ပါတယ်။ တိုင်းပြည် တည်ငြိမ်အေးချမ်းမှု မရှိရင် ဖွံ့ဖြိုးရေးကိစ္စဆိုတာ ဘာမှလုပ်လို့မရဘူး။ ငြိမ်းချမ်းရေးလုပ်မှသာ၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းက လုပ်လို့ရတယ်။ ရှေ့က တည်ဆောက်ရေးလုပ်ငန်းလုပ်သွား နောက်က အဖျက်လုပ်ငန်းတွေ ပါလာလို့ရှိရင် သမင်မွေးရင်း၊ ကျားစားရင်း ဆိုသလိုဖြစ်နေမှာပေါ့။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးမှာလည်း မဖြစ်နိုင်တာတွေ လျှောက်တောင်းဆိုပြီးတော့မှ ကိုယ့်အဖွဲ့အစည်း တည်တံ့ခိုင်မြဲရေးအတွက် လုပ်နေတယ်ဆိုလို့ရှိရင်တော့ မှားသွားမယ်။ ကျွန်တော်တို့အနေနဲ့လည်း လုပ်သင့်လုပ်ထိုက်တာတွေကိုတော့ နိုင်ငံတော်အနေနဲ့လည်း လုပ်ရမှာတွေ ရှိလာပါလိမ့်မယ်။ ဒါကြောင့် EAO တွေမှာလည်း NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေရော၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုတဲ့ အဖွဲ့တွေရော ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ ဖိတ်ခေါ်ပါတယ်။ ဇူလိုင် ၃၁ ရက်နေ့ မတိုင်မီမှာ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ပါမယ်။ ဒီလိုပဲ PDF နဲ့ ပတ်သက်လို့ရှိရင်လည်း ဒီကာလအတွင်းမှာ ဥပဒေဘောင်အတွင်း ဝင်လာကြဖို့ ဖိတ်ခေါ်ပါတယ်❜**

## တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံ၏ အချို့သော နေရာဒေသများတွင် အဖျက်အမှောင့်လုပ်ရပ်မျိုးစုံကို ကျူးလွန်နေကြသည်ကို တွေ့ရှိရပြီး အများစုအနေဖြင့် ဆက်ကြေးများ၊ ဂိတ်ကြေးများတောင်းခံခြင်း၊ ဒေသအလိုက်မှ ထွက်ရှိသည့် သစ်တောသယံဇာတများ၊ မြေပေါ်မြေအောက် သယံဇာတများကို တရားဝင်ထုတ်ယူ၍ ၎င်းတို့ကိုယ်ကျိုးအတွက် အသုံးပြုနေကြကြောင်း၊ ၎င်းတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုရလဒ်များအရ ဖြစ်ပေါ်လာသည့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်အကြမ်းဖက်သည့် နည်းလမ်းကို ရွေးချယ်ခဲ့ရာမှ ပေါ်ပေါက်လာခဲ့ကြခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဒီမိုကရေစီနည်းလမ်းတကျပေါ်ပေါက်လာသည့် ရွေးချယ်ခံအစိုးရအနေဖြင့် နိုင်ငံတော်တွင် တာဝန်ထမ်းဆောင်နေပြီဖြစ်ကြောင်း၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား တရားဥပဒေအတွင်းသို့ ဝင်ရောက်လာစေရေး ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

## အစိုးရအဖွဲ့အနေဖြင့်ယနေ့မှစ၍ ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များ

ထို့နောက် နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့ ရက်ပေါင်း၁၀၀ နှင့်ပတ်သက်၍ဦးစားပေးဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ပြောကြားရာတွင် "ရက် ၁၀၀ ဆိုတော့ ဒီနေ့က ၂၀ ရက်ပေါ့၊ မှတ်ရလွယ်ပါတယ်။ ဇူလိုင်လ ၃၁ ရက်နေ့ကရက် ၁၀၀ လိုသတ်မှတ်လိုက်ပေါ့။ ဇူလိုင် ၃၁ ရက်နေ့ နောက်ဆုံးထားပြီးတော့ ရက် ၁၀၀ နဲ့ ပတ်သက်ပြီး ကျွန်တော် နည်းနည်းပြောချင်ပါတယ်။ ခုနက ပြောတဲ့ PDF နဲ့ပတ်သက်ပြီးတော့ PDF ကတော့ ကျွန်တော်တို့ ဒီတွေ့ဆုံဆွေးနွေးခြင်းနဲ့ ငြိမ်းချမ်းရေးအတွက် အလင်းဝင်ဖို့လည်း ပြောထားတာရှိပါတယ်။ အခုလည်း အလင်းဝင်တာတွေ အများကြီးရှိပါတယ်။ လပခနယ်မြေတို့၊ တပခ နယ်မြေတို့ဆိုရင် အလင်းဝင်ကြတာတွေအများကြီးပဲရှိတယ်။ လပခကတော့ပိုများတာပေါ့၊ ရာနဲ့ချီပြီးတော့ ဝင်ကြတယ်။ ဒါထက်လည်း လာဖို့အတွက် သူတို့တောင်းဆိုနေတာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့က ကြိုဆိုပါတယ်။ PDF နဲ့ပတ်သက်ပြီးတော့၊ ရက်ပေါင်း ၁၀၀ အတွင်းမှာ လာပြီးတော့ ငြိမ်းချမ်းရေးအတွက် လာကြပါ။

EAO နဲ့ပတ်သက်ပြီးတော့ နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းကတော့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းထဲမှာ NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေရှိတယ်။ NCA လက်မှတ်ရေးထိုးထားခြင်းမပြုတဲ့အဖွဲ့တွေရှိတယ်။ အဲဒီတော့ ကျွန်တော် နှစ်ဖွဲ့လုံးကို ဖိတ်ခေါ်ပါတယ်။ NCA နဲ့ပတ်သက်တဲ့ ငြိမ်းချမ်းရေး လက်မှတ်မရေးထိုးထားတဲ့အဖွဲ့တွေကိုလည်း ဖိတ်ခေါ်ပါတယ်။ ဇူလိုင် ၃၁ ရက်နေ့ မတိုင်မီမှာ တွေ့ဆုံဆွေးနွေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။ ဒါ လက်မှတ်မရေးထိုးထားတဲ့ အဖွဲ့ပေါ့။ မနက်ဖြန်ကျရင်လည်း ကျွန်တော်တို့ကြေညာချက်တွေထုတ်မှာဖြစ်ပါတယ်။ ဒါလေးကြိုပြီး ကျွန်တော် ပြောပါတယ်။ နောက်တစ်ခုက လက်မှတ်ရေးထိုးထားတာပေါ့ လက်မှတ်ရေးထိုးထားပြီးတော့မှ ဒီငါးနှစ်အတွင်းမှာ တွေ့ဆုံခြင်းမပြုတဲ့အဖွဲ့တွေရှိတယ်။ ဥပမာအားဖြင့် KNU တို့၊ CNF တို့ ABSDF တို့ အဖွဲ့တွေ ကျွန်တော်တို့ ဖိတ်ခေါ်ပါတယ်။ ဘာလုပ်ချင်လဲ ဆွေးနွေးဖို့တော့ ကျွန်တော်တို့ EAO တွေကို ဖိတ်ခေါ်ပါတယ်။ နောက်လက်မှတ် ရေးထိုးထားပြီးတော့မှ သဘောတူညီချက် ယူထားတာတွေရှိတယ်။ ဥပမာအားဖြင့် ၄၃ ချက်သဘောတူညီထားတာရှိတယ်။ NCA လက်မှတ်ရေးထိုးပြီးတော့မှ ဆွေးနွေးခဲ့တဲ့အထဲမှာ Union Accord ရထားတဲ့ သဘောတူညီချက်တွေရှိတယ်။ အဲဒါကိုလည်း လာမယ့် ပြည်ထောင်စုလွှတ်တော်တွေမှာ တင်ပြပြီးတော့ အပိုင်းလိုက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခုနကပြောတဲ့ တွေ့ဆုံဆွေးနွေးခြင်းမပြုရသေးတဲ့ အဖွဲ့တွေလည်း တွေ့ဆုံဆွေးနွေးဖို့အတွက် ဇူလိုင်လ ၃၁ ရက်နောက်ဆုံးထားပြီးတော့ ဆွေးနွေးဖို့အတွက် ကျွန်တော်တို့ ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့လည်း ငြိမ်းချမ်းရေးလိုချင်ပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိရင် ဖွံ့ဖြိုးရေးကိစ္စဆိုတာ ဘာမှလုပ်လို့မရဘူး။ ငြိမ်းချမ်းရေးလုပ်မှသာ၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းက လုပ်လို့ရတယ်။ ရှေ့က တည်ဆောက်ရေးလုပ်ငန်းလုပ်သွား နောက်က အဖျက်လုပ်ငန်းတွေ ပါလာလို့ရှိရင် သမင်မွေးရင်း၊ ကျားစားရင်း ဆိုသလိုဖြစ်နေမှာပေါ့။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးမှာလည်း မဖြစ်နိုင်တာတွေ လျှောက်တောင်းဆိုပြီးတော့မှ ကိုယ့်အဖွဲ့အစည်း တည်တံ့ခိုင်မြဲရေးအတွက် လုပ်နေတယ်ဆိုလို့ရှိရင်တော့ မှားသွားမယ်။ ကျွန်တော်တို့အနေနဲ့လည်း လုပ်သင့်လုပ်ထိုက်တာတွေကိုတော့ နိုင်ငံတော်အနေနဲ့လည်း လုပ်ရမှာတွေ ရှိလာပါလိမ့်မယ်။ ဒါကြောင့် EAO တွေမှာလည်း NCA လက်မှတ် ရေးထိုးထားတဲ့အဖွဲ့တွေရော၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုတဲ့ အဖွဲ့တွေရော ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ ဖိတ်ခေါ်ပါတယ်။ ဇူလိုင် ၃၁ ရက်နေ့ မတိုင်မီမှာ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ပါမယ်။ ဒီလိုပဲ PDF နဲ့ပတ်သက်လို့ရှိရင်လည်း ဒီကာလအတွင်းမှာ ဥပဒေဘောင်အတွင်း ဝင်လာကြဖို့ ဖိတ်ခေါ်ပါတယ်။ နိုင်ငံရေးအရလည်း ဘာမှ ခိုင်လုံတဲ့အကြောင်းပြချက်မဟုတ်ပါဘူး။ အဖွင့်မှာ ပြောခဲ့သလိုပဲ အသုံးချခံနေရလို့သာဖြစ်နေကြတာပဲဖြစ်ပါတယ်။ ဒါကြောင့် အသုံးချမခံရအောင်နေကြဖို့ ပြောလိုပါတယ်။ "

စာမျက်နှာ ၅ သို့ ☆

✰ စာမျက်နှာ ၄ မှ

ယင်းနောက် နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့အနေဖြင့် ယနေ့မှစ၍ ရက်ပေါင်း ၁၀၀ အတွင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများကို ချေးငွေနှုန်းထား တိုးမြှင့်ရေး စီမံချက်အနေဖြင့် ချေးငွေများတိုးမြှင့်ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် စပါး၊ ဂျုံ၊ ချည်မျှင်ရှည်ဝါတို့နှင့်ပတ်သက်၍ သုံးသိန်းအထိလည်းကောင်း၊ အခြားသီးနှံ ၁၈ မျိုးကို နှစ်သိန်းခွဲအထိလည်းကောင်း၊ ပန်းနှမ်း၊ ဆီ မုန်ညင်း၊ ဂုန်လျှော်တို့နှင့်ပတ်သက်၍ တစ်သိန်းခွဲအထိလည်းကောင်း တိုးမြှင့်ချေးပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ လယ်ယာသုံး စက်ကိရိယာချေးငွေနှင့်ပတ်သက်၍ ကျပ်သိန်း ၃၀၀၀ အထိတစ်ကဏ္ဍပေးမည်ဖြစ်ပြီး ကျပ်သိန်း ၃၀၀၀ အထက်ဖြစ်ပါက တစ်ကဏ္ဍပေးမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ အနီးစခန်း လေဆိပ်အဆင့်မြှင့်တင်ခြင်းကို ပြီးပြတ်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပို့ကုန်နှစ်ဆတိုးမြှင့်ရေးနှင့်ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အနေဖြင့် သိုလှောင်ရုံများကို ဦးစားပေးအနေဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ရထားလမ်းများကောင်းမွန်ရေးအတွက် ရထားလမ်းများ အားလုံးကို တတ်နိုင်သရွေ့အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ပြီး လတ်တလောတွင် ရန်ကုန်-မန္တလေးလမ်း၊ ရန်ကုန်-မော်လမြိုင်လမ်း၊ ရန်ကုန်-ပြည်လမ်းတို့ကို အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ မြစ်ကြီးနား-မိုးကောင်း-မိုးညှင်းရထားလမ်း၌လည်း တံတားပြင်ဆင်ခြင်းများ၊ လမ်းပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရထားလမ်းများအပြင် ရထားစက်ခေါင်းများ၊ တွဲများ၊ စက်ရုံများ အဆင့်မြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ မိုဘိုင်းစခန်းအသစ် ၂၇ ခုကို ယခုရက် ၁၀၀ အတွင်း တိုးချဲ့ပေးသွားမည်ဖြစ်ကြောင်း၊ မိုဘိုင်းစခန်း ကိုးခု၌ 4 G LTE အဆင့်သို့ မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်း၊ ဆိုလာရေတင်စနစ်ဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် သုတေသနစွမ်းရည်မြှင့်တင်သည့် ရှေ့ပြေးတက္ကသိုလ်များကို တည်ဆောက်ပေးသွားမည်ဖြစ်ပြီး အဓိကအားဖြင့် Nay Pyi Taw State Academy၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့တွင် Research and Activation များကို ရှေ့ပြေးတက္ကသိုလ်များအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အလယ်တန်းပညာအဆင့်တွင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များကို ထည့်သွင်းသင်ကြားပေးသွားမည် ဖြစ်ကြောင်း၊ ပြည်သူ့နီတိနှင့် စာရိတ္တပညာရပ်များကိုလည်း အခြေခံပညာကျောင်းများတွင် အဓိကအနေဖြင့် လူငယ်များ အကျင့်စာရိတ္တမြင့်မားစေရေးအတွက် ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ဗလငါးတန်နှင့်ပြည့်ဝသည့်ကျောင်းများ ဖြစ်စေရေးအတွက် အခြေခံပညာကဏ္ဍတွင် Smart School နှင့် Football for School Program ကိုလည်း အားကစားရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့နှင့် ပေါင်းစပ်၍ ရက်ပေါင်း ၁၀၀ အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်းရှိ ကျောင်းများ၌ Pilot Project အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူကြိုကျောင်းများကို အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်၊ မြို့နယ် ၅၀ တွင် ဒုတိယကျန်းမာရေးဦးစီးမှူးများ ခန့်အပ်၍ ကျန်းမာရေးမြှင့်တင်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တို့ရှိ နှလုံးဆေးကုသရေးဌာနများတွင် လူနာတစ်သိန်းအတွက် နှလုံးရောဂါကာကွယ်ရေး အန္တရာယ်အကဲဖြတ်ပေးသည့် ဆေးကုသမှုများကို တရုတ်နိုင်ငံနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သူနာပြုကျောင်းများကိုလည်း သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ အခြားကဏ္ဍပေါင်းစုံ တိုးတက်ရေးအတွက်လည်း မိမိတို့အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**✻ ယနေ့မှစ၍ ရက်ပေါင်း ၁၀၀ အတွင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများကို ချေးငွေနှုန်းထားတိုးမြှင့်ရေး စီမံချက်အနေဖြင့် ချေးငွေများ တိုးမြှင့်ထုတ်ပေးသွားမည်**

**✻ ဥပမာအားဖြင့် စပါး၊ ဂျုံ၊ ချည်မျှင်ရှည်ဝါတို့နှင့်ပတ်သက်၍ သုံးသိန်းအထိလည်းကောင်း၊ အခြားသီးနှံ ၁၈ မျိုးကို နှစ်သိန်းခွဲအထိလည်းကောင်း၊ ပန်းနှမ်း၊ ဆီ မုန်ညင်း၊ ဂုန်လျှော်တို့နှင့်ပတ်သက်၍ တစ်သိန်းခွဲအထိလည်းကောင်း တိုးမြှင့်ချေးပေးသွားမည်**

**✻ လယ်ယာသုံးစက်ကိရိယာချေးငွေနှင့်ပတ်သက်၍ ကျပ်သိန်း ၃၀၀၀ အထိ တစ်ကဏ္ဍပေးမည်ဖြစ်ပြီး ကျပ်သိန်း ၃၀၀၀ အထက်ဖြစ်ပါက တစ်ကဏ္ဍပေးမည်**

**✻ ရထားလမ်းများကောင်းမွန်ရေးအတွက် ရထားလမ်းများအားလုံးကို တတ်နိုင်သရွေ့ အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ပြီး လတ်တလောတွင် ရန်ကုန်-မန္တလေးလမ်း၊ ရန်ကုန်-မော်လမြိုင်လမ်း၊ ရန်ကုန်-ပြည်လမ်းတို့ကို အဆင့်မြှင့်တင်ပေးသွားမည်**

**✻ မြစ်ကြီးနား- မိုးကောင်း-မိုးညှင်းရထားလမ်း၌လည်း တံတားပြင်ဆင်ခြင်းများ၊ လမ်းပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရထားလမ်းများအပြင် ရထားစက်ခေါင်းများ၊ တွဲများ၊ စက်ရုံများ အဆင့်မြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်**

မိမိတို့အစိုးရအဖွဲ့အနေဖြင့် တိုင်းပြည်အတွက် ကောင်းအောင် ဆောင်ရွက်ရာတွင် တစ်ဦးချင်း၏ ဖြတ်သန်းလာခဲ့သည့် အတွေ့အကြုံများဖြင့် ပေါင်းစပ်၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပြီး နိုင်ငံနှင့်ပြည်သူ့အကျိုးအတွက် ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ တိုင်းပြည်အတွက်ကောင်းအောင် ဆောင်ရွက်သွားကြမည်ဟူသည့် စိတ်ဖြင့် ကြံစည်လုပ်ကိုင် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အထွေထွေဆွေးနွေးတင်ပြကြရာတွင် ပြည်ထောင်စုဝန်ကြီးများနှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ်တို့က ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြသည့် အမှာစာများ၊ MoU ၊ MoA စာချုပ်များ၊ တင်ဒါခေါ်ယူခြင်းများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ အသက် ၁၀ နှစ်ပြည့် ကလေးငယ်များအား နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေးမည့် အခြေအနေ၊ eID စာရင်းအချက်အလက်ကောက်ယူခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေနှင့် ဧရာဝတီမြစ်ဆုံ အသိပညာပေးရေးဆိုင်ရာကိစ္စရပ်များကို တင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ အမှာစာများတင်ပြရာတွင် အချက်အလက်များ ခိုင်ခိုင်မာမာတင်ပြကြရန်လိုကြောင်း၊ တင်ဒါများခေါ်ယူရာတွင်လည်း သတ်မှတ်ထားသည့် အရည်အသွေး စံချိန်စံညွှန်းကိုက်ညီရန်နှင့် အချိန်ကြန့်ကြာမှုမရှိစေရန် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဖွံ့ဖြိုးမှုနောက်ကျနေသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ဦးစားပေးပြီး ထူထောင်ရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများအပြင် သဘာဝဘေးအန္တရာယ်နှင့် ပဋိပက္ခများကြောင့် ထိခိုက်ပျက်စီးခဲ့ရသော အစိုးရအဆောက်အအုံ၊ လမ်း၊ တံတား၊ ဆက်သွယ်ရေးအခြေခံအဆောက်အအုံများကို ပြန်လည်ထူထောင်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ငလျင်ကြောင့် ပျက်စီးသွားသည့် နိုင်ငံ့ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်းနှင့် နိုင်ငံတော်၏ဘဏ္ဍာငွေများကို အလေအလွင့်မရှိ ထိထိရောက်ရောက် အကျိုးရှိအောင် စနစ်တကျ သုံးစွဲသွားကြရန်လိုကြောင်း မှာကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဥပဒေအရာရှိအဆင့် - ၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်းတွင် သရုပ်ပြတရားရုံး(Mock Court) ပို့ချနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ဥပဒေရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်း (Legal Advocacy Center)၌ ဖွင့်လှစ်လျက်ရှိသည့် ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်) များလုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၁/၂၀၂၆)တွင် သရုပ်ပြတရားရုံး(Mock Court) ပို့ချနေမှုကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှု စစ်ဆေးစဉ် ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံသားတိုင်းဥပဒေ၏အကာအကွယ်ကို အညီအမျှရရှိစေရန်၊ မှားယွင်းပြီး အပြစ်စီရင်ခြင်းမခံရစေရန်၊ ပြစ်မှုနှင့် ပြစ်ဒဏ်မျှတပြီး တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် စီရင်နိုင်စေရန်၊ တရားရုံးများ ဖြောင့်မတ်မှန်ကန်စေရေး ဦးစားပေး ဖော်ဆောင်သွားမည်ဖြစ်ကြောင်း လမ်းညွှန်ချက်နှင့်အညီ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ရွေးချယ်ခန့်ထားပြီးသော အစမ်းခန့်ဥပဒေအရာရှိအသစ်များကို လုပ်ငန်းခွင်ဝင်သင်တန်းများ ပေးခြင်းကို ပြည်ထောင်စု ရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပို့ချပေးလျက်ရှိကြောင်း၊ ယခုလုပ်ငန်းခွင်ဝင်သင်တန်းတွင် သရုပ်ပြတရားရုံး (Mock Court) လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ဥပဒေအရာရှိများ၏ လုပ်ငန်း တာဝန်များကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန်၊ မျိုးဆက်သစ် ဥပဒေအရာရှိများအား တရားခွင်နှင့် ရင်နှီးကျွမ်းဝင်စေရန်၊ အတွေ့အကြုံရှိသော ဥပဒေအရာရှိများက မျိုးဆက်သစ်ဥပဒေအရာရှိများအား ဥပဒေဆိုင်ရာအသိပညာများ လက်ဆင့်ကမ်းဖြန့်ဝေပေးသကဲ့သို့ နောင်တွင် မျိုးဆက်သစ် ဥပဒေအရာရှိများကိုယ်တိုင် ဥပဒေအသိပညာများကို လက်ဆင့်ကမ်းဖြန့်ဝေခြင်းဖြင့် နိုင်ငံသားတိုင်း ဥပဒေ၏အကာအကွယ် အညီအမျှရရှိစေရေး ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းကို မတ် ၆ ရက်မှ မေ ၂၉ ရက်အထိ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သီးနှံပင်နှင့် မြေဆီလွှာအကျိုးပြု သဘာဝတီကျစ်မြေသြဇာကို ထုတ်လုပ်သုံးစွဲကြပါစို့

**ကိုကျော်စွာ (ကျိုက်ပိ)**



မြေသြဇာသည် စိုက်ပျိုးရေးအတွက် အရေးပါသည်။ လူသားနှင့် သက်ရှိများအတွက် အာဟာရဓာတ်လိုအပ်သကဲ့သို့ပင် စိုက်ပျိုးသီးနှံပင်များအတွက်လည်း အာဟာရဓာတ်လိုအပ်သည်။ အပင်များအတွက် လိုအပ်သောအာဟာရဓာတ်ကို မြေသြဇာများမှ ရရှိခြင်းဖြစ်သည်။ မြေသြဇာကို ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာဟူ၍ ခွဲခြားထားပါသည်။ ဓာတ်မြေသြဇာကို လူတိုင်းသိကြသည်။ ယနေ့ခေတ်တွင် စိုက်ပျိုးတောင်သူတိုင်း ဓာတ်မြေသြဇာကို အသုံးပြုနေကြသည်။ သဘာဝမြေသြဇာဟူသည် တိရစ္ဆာန်အညစ်အကြေးများနှင့် ဟင်းသီးဟင်းရွက်အဆွေးများဟု အကြမ်းအားဖြင့် ဆိုနိုင်သည်။ တီကောင်စွန့်ပစ်မြေသြဇာ (တီကျစ်မြေသြဇာ) သည် သဘာဝမြေသြဇာအမျိုးအစား၌ ပါဝင်သည်။

တီကောင်စွန့်ပစ်မြေသြဇာသည် နည်းပညာခက်ခဲမှုမရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ နေရာမရွေးပြုလုပ်နိုင်ခြင်း၊ လိုအပ်သလောက်ကိုသာ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ခြင်းနှင့် မြေသြဇာအဆင့်အတန်းမြင့်မားခြင်းတို့ကြောင့် သုံးစွဲသူများအနေဖြင့် အကျိုးရှိစေသည်။ ထို့ပြင် တီကောင်စွန့်ပစ်မြေသြဇာသည် အော်ဂဲနစ်နည်းစနစ်ဖြင့် စိုက်ပျိုးမည့်တောင်သူများအတွက် အားထားစရာမြေသြဇာတစ်မျိုးလည်းဖြစ်သည်။

**တီကျစ်မြေသြဇာသုံးစွဲခြင်းရည်ရွယ်ချက်နှင့် အရေးပါပုံ**

အထူးသဖြင့် တီကျစ်မြေသြဇာထုတ်လုပ်သုံးစွဲရခြင်းမှာ ဓာတ်မြေသြဇာများ နှစ်စဉ် သုံးစွဲနေခြင်းကြောင့်ပျက်စီးလာသောမြေဆီလွှာပြဿနာကို ဖြေရှင်းရန်ဖြစ်သလို ပျက်စီးလာသောမြေဆီလွှာကို ပြန်လည်ကောင်းမွန်စေရန်ဖြစ်သည်။ တစ်နည်းအားဖြင့် မြေဆီလွှာကျန်းမာရေးကို စောင့်ရှောက်ခြင်းဖြစ်သည်။ မှိုသတ်ဆေး၊ ပိုးသတ်ဆေးများ နှစ်စဉ် အသုံးပြုခြင်းကြောင့် အဆိပ်သင့်နေရသည်။ အဆိုပါဓာတုဆေးများကြောင့် မြေဆီလွှာအတွင်းရှိ အဏုဇီဝပိုးမွှားများသေဆုံးခြင်း၊ ပွားများမှုနှေးကွေးခြင်းကိုဖြစ်စေသည်။ အော်ဂဲနစ်စိုက်ပျိုးရေးအတွက် တီကျစ်မြေသြဇာထုတ်လုပ်သုံးစွဲခြင်းသည် လိုအပ်သော ကဏ္ဍတစ်ခုဖြစ်သည်။ တချို့ဒေသများ၌ သဘာဝမြေသြဇာဖြစ်သော နွားချေးကဲ့သို့ မြေသြဇာမျိုးရရှိရန်ခက်ခဲပါသည်။ ထိုကဲ့သို့ ခက်ခဲသောဒေသများတွင် တီကောင်မွေးမြူ၍ တီကျစ်မြေသြဇာ ထုတ်လုပ်သုံးစွဲခြင်းဖြင့် ထိုပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်သည်။ ဓာတုနည်းဖြင့် စိုက်ပျိုးသော တောင်သူများပင် တီကျစ်မြေသြဇာ ထုတ်လုပ်သုံးစွဲပါက ဓာတ်မြေသြဇာသုံးစွဲမှု ၅၀ ရာခိုင်နှုန်းကျော် လျှော့၍သုံးစွဲနိုင်ပြီး မြေဆီလွှာပျက်စီးမှုကိုလည်း ကာကွယ်ပေးနိုင်ပါသည်။

**တီကျစ်မြေသြဇာဆိုသည်မှာ**

တီကျစ်မြေသြဇာဆိုသည်မှာ လယ်ယာဥယျာဉ်ခြံသီးနှံပင်များ၊ ဘေးထွက်ပစ္စည်းဖြစ်သည့် ကောက်ရိုး၊ စပါးခွံ၊ အမှိုက်သရိုက်များ၊ သစ်ရွက်များ၊ သစ်ပင်အကြွင်းအကျန်များ၊ ဗေဒါ၊ ဂျပ်စက္ကူ၊ သတင်းစာစက္ကူ၊ ငှက်ပျောအူ၊ ငှက်ပျောရွက်ခြောက်များ၊ ဖရဲသီးခွံ၊ မီးဖိုချောင်သုံးစွန့်ပစ်ပစ္စည်းများ၊ စားသောက်ဆိုင်မှ စွန့်ပစ်ပစ္စည်းများ၊ ထမင်းဆိုင်မှ စွန့်ပစ်သောအကြွင်းအကျန်များကို နွားချေးနှင့် ရောသမပြီး မြေဆွေးပြုလုပ်ပေးနိုင်သော တီကောင်များထည့်ပေး၍ ထိုတီများမှစားသုံးပြီး ပြန်လည်စွန့်ထုတ်ပေးသော မြေဆွေးကို တီကျစ်စာမြေဆွေး သို့မဟုတ် တီကောင်စွန့်ပစ်မြေသြဇာဟုခေါ်သည်။

**အကျိုးပြုတီကောင်မျိုးစိတ်နှင့် သဘာဝ**

ကမ္ဘာပေါ်တွင် တီကောင်မျိုးစိတ်ပေါင်း ၃၀၀၀ ကျော်ရှိသည်။ သို့သော် အော်ဂဲနစ်စိုက်ပျိုးရေးအတွက် အသုံးဝင်သောမျိုးစိတ် အနည်းငယ်သာရှိပါသည်။ အဆိုပါတီကောင်မျိုးစိတ်ကို အုပ်စုနှစ်စု ခွဲထားသည်။ ပထမအုပ်စုမှာ မြေဆီလွှာအပေါ်ယံလွှာတွင် နေထိုင်ကျက်စားသောအုပ်စုနှင့် မြေဆီလွှာအတွင်းပိုင်းတွင် နေထိုင်ကျက်စားသောအုပ်စုတို့ဖြစ်သည်။ မြေဆီလွှာအပေါ်ယံတွင် နေထိုင်သော တီကောင်များသည် လတ်ဆတ်သော ဇီဝပစ္စည်း ၉၀ ရာခိုင်နှုန်းနှင့် မြေကြီး ၁၀ ရာခိုင်နှုန်းကို စားသုံးကာ မြေဆွေးပြုလုပ်ပေးသည့်အုပ်စုဖြစ်သည်။ ထိုတီကောင်များသည် အနီရောင်တီကောင်များဖြစ်သည်။ ထိုမျိုးစိတ်များသည် မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ကိုက်ညီသဖြင့် မြန်မာနိုင်ငံတွင် ကောင်းစွာပေါက်ပွားရှင်သန်ကြသည်။ မွေးမြူရာတွင်လည်း ယခုမျိုးစိတ်ဖြစ်သော အနီရောင်တီကောင်မျိုးစိတ်သာဖြစ်သည်။

ဒုတိယအမျိုးအစားမှာ မြေကြီးအတွင်းပိုင်း၌ ကျက်စားနေထိုင်လေ့ရှိသည်။ မြေကြီးအတွင်းပိုင်း၌ မြေဆွေးရောစပ်မှု အားကောင်းသောမြေအမျိုးအစားတွင်နေထိုင်ကြသည်။ ထိုတီကောင်များသည် ညဘက်၌သာ လှုပ်ရှားသွားလာလေ့ရှိကြသည်။ အကြောင်းမှာ အလင်းရောင်ကို မနှစ်သက်ကြသောကြောင့်ဖြစ်သည်။ တီကောင်မွေးမြူမည်ဆိုပါက မိမိမွေးမြူမည့် ဒေသရာသီဥတုနှင့်ကိုက်ညီသော အမျိုးအစားကို ရွေးချယ်မွေးမြူဖို့လိုပါသည်။ သို့မှသာ တီကောင်စွန့်ပစ်မြေသြဇာ သို့မဟုတ် တီကျစ်စာများများ ရရှိနိုင်မည်ဖြစ်ပါသည်။ သို့သော် တီကျစ်စာမြေသြဇာအဖြစ် မွေးမြူထုတ်လုပ်သင့်သော တီလေးမျိုးရှိပါသည်။ ယင်းတို့မှာ (၁) ဥရောပမှပျံ့နှံ့သည့်မျိုး (The Red Worm)၊ (၂) ဥရောပမှပျံ့နှံ့သည့်မျိုး (The Tiger Worm)၊ (၃) အိန္ဒိယမှပျံ့နှံ့သည့်မျိုး (Indian Blue Worm)၊ (၄)အာဖရိကမှပျံ့နှံ့သည့်မျိုး (The Nightcrawler) တို့ဖြစ်သည်။

**အပူချိန်နှင့် ရာသီဥတု**

အထက်ကဖော်ပြခဲ့သော တီကောင်အမျိုးအစားများသည် မြန်မာနိုင်ငံရာသီဥတုနှင့်ကိုက်ညီသဖြင့် မြန်မာနိုင်ငံတွင် ကောင်းစွာရှင်သန်ပေါက်ပွားနိုင်သည်။ တီကောင်မွေးမြူ၍ တီကျစ်စာမြေသြဇာထုတ်လုပ်မည်ဆိုပါက အပူချိန်နှင့် ရာသီဥတုကိုက်ညီဖို့လိုပါသည်။ တီကောင်များသည် ပူလွန်း၊ အေးလွန်းသောရာသီမျိုးကို မနှစ်သက်ကြပေ။ တီကောင်များကြိုက်နှစ်သက်သော အပူချိန်မှာ ၁၅ ဒီဂရီစင်တီဂရိတ်မှ ၂၅ ဒီဂရီစင်တီဂရိတ်အတွင်းဖြစ်ပြီး အပူချိန် ၃၀ ကျော်လွန်ပါက ပွားများနှုန်းရပ်တန့်သွားသည်။ ထို့ထက် အပူချိန်ပိုမြင့်လာပါက သေဆုံးသည်အထိဖြစ်နိုင်သည်။ ထို့ကြောင့် တီကောင်မွေးမြူခြင်းသည် ရာသီဥတုနှင့် ဒေသအပူချိန်အပေါ်များစွာတည်မှီနေကြောင်း သတိပြုဖို့လိုပါသည်။

**တီမွေးမြူရေးကန်ပြုလုပ်ခြင်း**

တီမွေးမြူ၍ တီကောင်စွန့်ပစ်မြေသြဇာ ထုတ်လုပ်မည်ဆိုပါက ပထမဆုံး မွေးမြူမည့်ကန်ပြုလုပ်ရပါမည်။ တီကောင်ကို အုတ်ကန်များဖြင့် မွေးမြူကြသည်။ တီကောင်သည် မြေကြီးအတွင်း နေထိုင်သောသတ္တဝါဖြစ်သည့်အတွက် အုတ်ကန်ဖြင့် မွေးမြူခြင်းဖြစ်သည်။ တီမွေးကန်ဆောက်လုပ်ရာတွင် အလျား ၁၀ ပေ၊ အနံ ၅ ပေ၊ အမြင့် ၃ ပေ အုတ်ကန်များပြုလုပ်ရသည်။ တချို့က ပလတ်စတစ်ပုံးများ၊ သစ်သားပုံးများဖြင့် မွေးမြူကြသည်။ အုတ်ကန်ကို မိမိမွေးမြူမည့်ပမာဏအလိုက် အနည်းအများပြုလုပ်နိုင်သည်။ အုတ်ကန်ပြုလုပ်ရာတွင် အောက်ခြေကို အရည်များ အလွယ်တကူ လျှောဆင်းနိုင်စေရန် နိမ့်လျှောပြုလုပ်ပေးရပါမည်။ ထို့နောက်အုတ်ကန်၏ အောက်ခြေတွင် အုတ်ခဲကျိုးများထည့်ပေးရပါမည်။ ထို့နောက် အုတ်ခဲကျိုးပေါ်တွင် နွားချေးခြောက်ကို ခြောက်လက်မထူအောင် ခင်းပေးရသည်။ ထိုနွားချေးခြောက်ပေါ်၌ သစ်ရွက်များ၊ ပေါင်းမြက်များကို ရှစ်လက်မခန့် ထပ်ဖုံးပေးရပါမည်။ တီမွေးကန်ကို အမိုးမိုးပေးရသည်။ ထို့နောက် ထိုကန်ကိုအဖုံးဖုံး၍ အဖုံးကို လေဝင်လေထွက်ကောင်းစေရန် အပေါက်ဖောက်ပေးထားရပါမည်။ တီမွေးကန်ကို နံနက်တိုင်း ရေပန်းကရားဖြင့် ရေအနည်းငယ်ဖျန်းပေးပါ။ ရေခြောက်နေလျှင် တီကောင်များ သေတတ်သည်။ ရေဝပ်နေလျှင်လည်း သေတတ်သဖြင့် ရေဖျန်းရာတွင် ချင့်ချိန်ဖျန်းပေးရန် လိုပါသည်။ မွေးမြူမည့်တီမျိုးများကို မြန်မာနိုင်ငံစိုက်ပျိုးရေးလုပ်ငန်း (ရန်ကုန်တိုင်း)၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟို (လှည်းကူး)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ပြင်ဦးလွင်) စသည်တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**တီကောင်အတွက် အာဟာရဓာတ်များ**

တီမွေးမြူရေးကန် ပြုလုပ်ပြီးပါက ကန်အတွင်းသို့ တီကောင်များ ထည့်ပေးရသည်။ ထို့နောက် တီကောင်များအတွက် လိုအပ်သောအာဟာရများကို ကျွေးပေးရပါသည်။ တီကောင်အတွက် အာဟာရဓာတ်သည် တီကောင်စွန့်ပစ်မြေသြဇာ သို့မဟုတ် တီကျစ်စာအတွက် အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။ တီကောင်ကြိုက်နှစ်သက်သော အစားအစာများကို များများကျွေးရသည်။ များများစားမှသာ တီကျစ်စာများများရမည်။ တီကောင်ကြိုက်နှစ်သက်သောအစာများမှာ–

- ငှက်ပျောပင်၏ အစိတ်အပိုင်းများနှင့် ငှက်ပျောခွံများ၊
- သစ်ရွက်စိမ်းများ၊
- ကြက်ဥ၊ ဘဲဥ၊
- ဖျော်ပြီးသားကော်ဖီမှုန့်နှင့် လက်ဖက်ခြောက်ဖတ်များ၊
- အမှည့်လွန်သစ်သီးများ၊
- သစ်စေ့အခွံနှင့် လွှစာမှုန့်များ၊
- ဟင်းသီးဟင်းရွက်နှင့် ဟင်းသီးဟင်းရွက်အပုပ်များ စသည်တို့ကို ကြိုက်နှစ်သက်ကြသည်။

**တီကျစ်မြေသြဇာထုတ်လုပ်ခြင်း**

တီကောင်များသည် အစိုဓာတ်ကို ကြိုက်နှစ်သက်သည်။ သို့သော် ရေဝပ်ခြင်းကို မနှစ်သက်ပေ။ တီမွေးကန်မခြောက်အောင် နေ့စဉ် သင့်သလောက် ရေဖျန်းပေးရသည်။ ဤကဲ့သို့ပြုလုပ်ပေးပါက တီကန်ထဲတွင်ရှိသော အာဟာရဓာတ်များသည် ရေအစိုဓာတ်နှင့်အတူ ပျော်ဝင်ကာ တီကန်အောက်ခြေသို့ စိမ့်ဝင်ရောက်ရှိသွားသည်။ အောက်ခြေရှိ ပိုက်မှ တစ်ဆင့်စုပ်ယူပါက ရေနှင့်အတူ နိုက်ထရိုဂျင်ကြွယ်ဝစွာပါဝင်သော သဘာဝမြေသြဇာကို ရရှိပါသည်။ ထို့ပြင် တီကောင်များက လူတို့စားသုံး၍ စွန့်ပစ်လိုက်သော စားကြွင်းစားကျန်များနှင့် မြေဆီမြေနှစ်များ၊ အပင်၏အစိတ်အပိုင်းများကို စားသုံးကာ မစင်အဖြစ် ပြန်လည်စွန့်ထုတ်လေ့ရှိသည်။ ယင်းကို တီကျစ်စာဟုခေါ်သည်။ တီကျစ်စာသည် အပင်နှင့် စိုက်ပျိုးသီးနှံများအတွက် သဘာဝမြေသြဇာဖြစ်သည်။ တီကျစ်စာသည် အပင်အတွက် လိုအပ်သော နိုက်ထရိုဂျင်၊ ဖော့စ်ဖရပ်၊ ပိုတက်ဆီယမ်နှင့်ကယ်လ်စီယမ်တို့ ပေါင်းစပ်ပါဝင်သည့်အပြင် မြေဆီလွှာကို ထိန်းသိမ်းရာတွင်လည်း အရေးပါလှပါသည်။ တီကောင်စွန့်ပစ်မြေသြဇာ သို့မဟုတ် တီကျစ်စာခဲကို

စာမျက်နှာ ၇ သို့ ❖

> **❛ တချို့ဒေသများ၌ သဘာဝမြေသြဇာဖြစ်သော နွားချေးကဲ့သို့ မြေသြဇာမျိုးရရှိရန် ခက်ခဲပါသည်။ ထိုကဲ့သို့ ခက်ခဲသောဒေသများတွင် တီကောင်မွေးမြူ၍ တီကျစ်မြေသြဇာ ထုတ်လုပ်သုံးစွဲခြင်းဖြင့် ထိုပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်သည်။ ဓာတုနည်းဖြင့် စိုက်ပျိုးသော တောင်သူများပင် တီကျစ်မြေသြဇာ ထုတ်လုပ်သုံးစွဲပါက ဓာတ်မြေသြဇာသုံးစွဲမှု ၅၀ ရာခိုင်နှုန်းကျော် လျှော့၍သုံးစွဲနိုင်ပြီး မြေဆီလွှာပျက်စီးမှုကိုလည်း ကာကွယ်ပေးနိုင် ❜**

❖ စာမျက်နှာ ၆ မှ
တီကောင်စတင်မွေးမြူပြီး သုံးလခန့်အကြာတွင် အညိုရောင်တီကျစ်စာမြေဆွေး သို့မဟုတ် တီကောင်စွန့်ပစ်မြေသြဇာရည် စတင်ရရှိမည်ဖြစ်ပါသည်။ တီမွေးမြူရေးကန်တစ်ကန်ကို တီကျစ်စာရည် သို့မဟုတ် တီကောင်စွန့်ပစ်မြေသြဇာရည် ၁၂ ဂါလန် အထိရနိုင်ကြောင်း သိရသည်။

**တီကျစ်မြေသြဇာရှိ အာဟာရဓာတ်များ**

တီကျစ်စာမြေဆွေး သို့မဟုတ် တီကောင်စွန့်ပစ်မြေသြဇာတွင် သီးနှံပင်များအတွက် အာဟာရဓာတ်များပါဝင်နေသည်။ တီကောင်စွန့်ပစ်မြေသြဇာသည် အပင်များကို သန်စွမ်းစေသည်။ အသီးအထွက်နှုန်းကောင်းစေသည်။ အသီးအရောင်အသွေးလှစေသည်။ အသီးအနံ့များကိုလည်း အရသာကောင်းမွန်စေသည်။ တီကောင်စွန့်ပစ်မြေသြဇာ သို့မဟုတ် တီကျစ်စာမြေဆွေးရည်ကို မြေဆွေးရည် တစ်ဆ၊ ရေ ၁၀ ဆနှင့်ရော၍ ရွက်ဖျန်းမြေသြဇာအဖြစ် အသုံးပြုနိုင်ပါသည်။ တီကောင်စွန့်ပစ်မြေသြဇာ သို့မဟုတ် တီကျစ်စာမြေဆွေးကို သီးနှံအလိုက် ကျွေးနှုန်းများရှိပါသည်။ လယ်ယာသီးနှံအတွက်ဆိုတစ်ဟက်တာလျှင် ခြောက်တန်၊ ဟင်းသီးဟင်းရွက်အတွက် တစ်ဟက်တာလျှင် ၁၂ တန်၊ သစ်သီးဝလံအတွက် တစ်ဟက်တာလျှင် ၁၀ တန် ကျွေးပေးနိုင်သည်။ တီကောင်စွန့်ပစ်မြေသြဇာတွင် ပါဝင်နေသောအာဟာရဓာတ်များမှာ နိုက်ထရိုဂျင် ၄ ဒသမ ၈၅ ရာခိုင်နှုန်း၊ ဖော့စ်ဖရပ် ၄ ဒသမ ၅၅ ရာခိုင်နှုန်း၊ ပိုတက်စီယမ် ၁ ဒသမ ၈၂ ရာခိုင်နှုန်း၊ ကယ်လ်စီယမ် ဝ ဒသမ ၈၉ ရာခိုင်နှုန်း၊ မဂ္ဂနီစီယမ် ဝ ဒသမ ၂၀ ရာခိုင်နှုန်း အသီးသီးပါဝင်နေသည်။ တီကောင်စွန့်ပစ်မြေသြဇာသည် သီးနှံပင်များအတွက် လိုအပ်သောအာဟာရဓာတ်များ ပါဝင်နေပါသည်။

**သီးနှံပင်နှင့် မြေဆီလွှာအတွက် အကျိုးကျေးဇူးများ**

တီကောင်စွန့်ပစ်မြေသြဇာ သို့မဟုတ် တီကျစ်စာခဲတွင် အပင်အတွက်လိုအပ်သော အာဟာရဓာတ်များပါဝင်နေသည်။ စိုက်ပျိုးရေးအတွက် တီကောင်စွန့်ပစ်မြေသြဇာ ပြုလုပ်သုံးစွဲဖြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများကို ရရှိစေပါသည်။

(၁) အပင်အတွက် လိုအပ်သောအာဟာရဓာတ်များကိုရရှိစေခြင်း၊
(၂) အပင်များကိုရှင်သန်ကြီးထွားစေခြင်း၊
(၃) အပင်များမျိုးအောင်စေရန် အထောက်အကူဖြစ်စေခြင်း၊
(၄) အပင်၏အမြစ်များကို ခိုင်မာစေခြင်း၊
(၅) အပင်အကျိုးပြု အဏုဇီဝပိုးများကိုပွားများစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေပါသည်။

ထို့ပြင် တီကောင်စွန့်ပစ်မြေသြဇာကို အသုံးပြုခြင်းဖြင့် မြေဆီလွှာကိုလည်း အကျိုးပြုပေးသည်။ မြေဆီလွှာအတွက် အကျိုးကျေးဇူးများမှာ –

(၁) မြေဆီကိုမြေသြဇာကောင်းစေခြင်း၊
(၂) မြေကြီးအစိုဓာတ်ကိုထိန်းပေးခြင်း၊
(၃) မြေဆီလွှာတိုက်စားခြင်းမှ ကာကွယ်ပေးခြင်း၊
(၄) မြေကြီးအတွင်း အောက်ဆီဂျင်ပိုရောက်စေခြင်း၊
(၅) မြေချဉ်ငန်ကိန်းကို ညီညွတ်မျှတစေခြင်း၊
(၆) မြေဆီလွှာအတွင်း အဏုဇီဝပိုးကို ၁၀ ဆမှ အဆ ၂၀ အထိ တိုးပွားလာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေပါသည်။

**အခြားအကျိုးကျေးဇူးများ**

တီကောင်စွန့်ပစ်မြေသြဇာကို အသုံးပြုခြင်းအားဖြင့် အကျိုးကျေးဇူးများစွာကို ရရှိစေပါသည်။ ဒါ့အပြင် အခြားအကျိုးကျေးဇူးများလည်း ရှိပါသေးသည်။ ယင်းတို့မှာ –

(၁) နည်းပညာခက်ခဲမှုမရှိသဖြင့် လွယ်ကူစွာ ထုတ်လုပ်နိုင်ခြင်း၊
(၂) စွန့်ပစ်ပစ္စည်းများဖြင့် ထုတ်လုပ်ပေးနိုင်သဖြင့် ကုန်ကျစရိတ်သက်သာစေခြင်း၊
(၃) နေရာမရွေးပြုလုပ်နိုင်ခြင်း၊
(၄) သဘာဝအော်ဂဲနစ်မြေသြဇာဖြင့် စိုက်ပျိုးထားသော သီးနှံများဖြစ်သည့်အတွက် စားသုံးသူများအနေဖြင့် ကျန်းမာရေးဆိုင်ရာပြဿနာများကို ဖြေရှင်းပြီးသားဖြစ်ခြင်း၊
(၅) နွားချေးရှားပါးသောဒေသ၊ အထူးသဖြင့် တောင်ပေါ်ဒေသများတွင် နွားချေးအစားထိုးအသုံးပြုခြင်းဖြင့် နွားချေးထက်ပင် လိုအပ်သောအာဟာရဓာတ် နှစ်ဆပါဝင်နေခြင်း၊
(၆) မြေဆွေးထုတ်လုပ်ခြင်းဖြင့် မိမိခြံအတွက်သာမကဘဲ အမြောက်အမြားစီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်သည့်အတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေခြင်း စသည့်အချက်တို့ဖြစ်သည်။

**ကမ္ဘာ့အနှံ့သုံးစွဲမှုအခြေအနေ**

တီကောင်စွန့်ပစ်မြေသြဇာ သို့မဟုတ် တီကျစ်မြေသြဇာကို စိုက်ပျိုးရေးလောက၌ ၁၉၇၉ ခုနှစ်တွင် ပြင်သစ်နိုင်ငံက စတင်သုံးစွဲခဲ့ကြောင်း သိရသည်။ စီးပွားဖြစ် စတင်ထုတ်လုပ်ခဲ့သည်မှာ ၁၉၈၀ ပြည့်နှစ်ကဖြစ်သည်။ ၁၉၈၅ ခုနှစ်လောက်မှစ၍ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာခဲ့ကြသည်။ အိန္ဒိယနိုင်ငံတွင် ၁၉၈၅ ခုနှစ်က စီးပွားဖြစ် အများအပြား ထုတ်လုပ်သုံးစွဲခဲ့သည်။ ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ လာအို၊ ကျူးဘား၊ ဖိလစ်ပိုင်နိုင်ငံတို့၌လည်း ထုတ်လုပ်သုံးစွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်မူ ၂၀၀၀ ပြည့်နှစ်လောက်က စတင်ထုတ်လုပ်သုံးစွဲခဲ့သဖြင့် ဆယ်စုနှစ် နှစ်စုကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ အိန္ဒိယနိုင်ငံတွင်မူ တီကောင်စွန့်ပစ်မြေသြဇာကို အများအပြားထုတ်လုပ်ရောင်းချသောကြောင့် ဝင်ငွေကောင်းသဖြင့် အညိုရောင်ရွှေ (Black Gold) ဟု တင်စားခေါ်ဝေါ်ကြသည်။ အိန္ဒိယနိုင်ငံ၌ စီးပွားဖြစ်ထုတ်လုပ်ခဲ့ရာ တန်ချိန်ပေါင်း ၃ ဒသမ ၅ သန်း ထုတ်လုပ်နိုင်ခဲ့သည်ဟု သိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးနိုင်ငံတွင် အိန္ဒိယနိုင်ငံကဲ့သို့ပင် ထုတ်လုပ်သင့်ပါသည်။

တီကောင်စွန့်ပစ်မြေသြဇာသည် အကျိုးကျေးဇူးများသဖြင့် ရှေးယခင်ကတည်းက ကမ္ဘာ့နိုင်ငံအသီးသီးက တွင်ကျယ်စွာ အသုံးပြုနေကြပြီဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သောကြောင့် ယခုကဲ့သို့ မြေဆီလွှာနှင့် အပင်အတွက် အကျိုးကျေးဇူးများလှသော တီကောင်စွန့်ပစ်မြေသြဇာ သို့မဟုတ် တီကျစ်မြေသြဇာကို သုံးစွဲသင့်ပါသည်။ စီးပွားဖြစ်လည်း ထုတ်လုပ်သင့်သလို စိုက်ပျိုးရေးလုပ်ကိုင်သော တောင်သူများအနေဖြင့်လည်း တစ်ပိုင်တစ်နိုင် မွေးမြူသုံးစွဲနိုင်ခြင်းဖြင့် မြေဆီလွှာကို အကျိုးပြုမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

**ကိုးကား –**

- **အစွမ်းထက်အော်ဂဲနစ်ဇီဝမြေသြဇာများ နေရောင်(စိုက်ပျိုးရေးတက္ကသိုလ်)။**
- **အော်ဂဲနစ်စိုက်ပျိုးရေး၊အော်ဂဲနစ်အစားအစာများနှင့် ကျန်းမာရေး**
- **ဒေါက်တာခင်မောင်လွင်။**



## မှော်ဘီမြို့နယ်၌ နှစ်ဦးအထူးတရားပွဲကျင်းပ

**ရန်ကုန် မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရွှေမော်တင်စေတီတော် ဂေါပကအဖွဲ့နှင့် ရပ်ကွက်ကျေးရွာအုပ်စု ၄၃ အုပ်စုမှ အုပ်ချုပ်ရေးမှူးများက ကြီးမှူးကျင်းပသော(စတုတ္ထ)အကြိမ်မြောက် နှစ်ဦးအထူးတရားပွဲကို မြန်မာသက္ကရာဇ် ၁၃၈၈ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူးနှစ်ဆန်း ၂ ရက် ည ၇ နာရီတွင် ရွှေမော်တင်စေတီတော်မြတ်ကြီး၏ ဝတ္တကမြေ၌ ကျင်းပသည်။

အဆိုပါတရားပွဲတွင် ကိုးလုံးကွင်းပရိယတ္တိစာသင်တိုက်ကြီး၏ ဆရာတော် ဘဒ္ဒန္တဃောသိတ သာသနဓဇ အစိုးရဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ၊ မှော်ဘီမြို့နယ် သံဃနာယကဥက္ကဋ္ဌ တိုင်းသံဃဝန်ဆောင်က သူ့ကိုမုန်းလျှင် ကိုယ်ရှုံးတယ်ဟူသော အထူးတရားတော်အား ဟောကြားခဲ့သည်။

**ရေစက်ချတရားနာကြား**

မြန်မာ့ရိုးရာနှစ်သစ်ကူး နှစ်ဦးတရားတော် ဟောကြားပေးသည့် ဆရာတော်ဘဒ္ဒန္တဃောသိတ သာသနဓဇ အစိုးရဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ၊ မှော်ဘီမြို့နယ် သံဃနာယက ဥက္ကဋ္ဌဆရာတော်ထံမှ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်၊ အဖွဲ့ဝင် ဗိုလ်မှူးပြည်စုံကျော်၊ အဖွဲ့ဝင် ဦးဝင်းစိုးနှင့် အလှူရှင်ခုနစ်ရက်သားသမီးများက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားနာကြားခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

## အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်အစီအစဉ်ဖြင့် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး ကွင်းဆင်းဆောင်ရွက်

**ပုသိမ် မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ပြည်သူ့အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်အစီအစဉ်ဖြင့် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခြင်းကို ယနေ့မွန်းလွဲပိုင်းက ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာရှိ ကျွန်းခြားကျောင်းတိုက်ဓမ္မာရုံ၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး ဦးဆောင်သော မြို့နယ်အဆင့်ကျေးရွာမြေငှားဂရန် ထုတ်ပေးရေးလုပ်ငန်းအဖွဲ့က မြေငှားဂရန်လျှောက်ထားခွင့်ရှိသူများ၊ ကျေးရွာမြေအား မြေငှားဂရန်လျှောက်ထားရန် ကနဦးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များစသည့် ကျေးရွာမြေငှားဂရန် ထုတ်ပေးရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာမြေငှားဂရန် လျှောက်ထားမည့်



မြေနေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**

## မင်းလှမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်

**မင်းလှ မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် မင်းလှမြို့နယ်အတွင်း အပူဒဏ်အန္တရာယ်နှင့် နောက်ဆက်တွဲကျန်းမာရေး ပြဿနာများကို အချိန်မီ ကုသစောင့်ရှောက်မှုပေးနိုင်ရန် မြို့နယ်ပြည်သူ့ဆေးရုံကြီးနှင့် တိုက်နယ်ဆေးရုံတို့တွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိကြောင်း သိရသည်။



ထိုသို့ ပြင်ဆင်ဆောင်ရွက်ထားရှိရာတွင် မင်းလှမြို့နယ်ပြည်သူ့ဆေးရုံကြီးနှင့် စစ်ကွင်း တိုက်နယ်ဆေးရုံတို့တွင် အပူဒဏ်ကြောင့် ဝေဒနာခံစားရသည့်လူနာများအတွက် သီးသန့်ကုသဆောင်များ ပြင်ဆင်ထားရှိ၍ လိုအပ်သော အရေးပေါ်ဆေးဝါးများနှင့် အအေးပေးပစ္စည်းများ စနစ်တကျ စုဆောင်းထားရှိကာ လူနာများအား အရေးပေါ်ကုသမှုလုပ်ငန်းလမ်းညွှန်နှင့်အညီ ကုသပေးနိုင်ရန်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာလှဝင်းနှင့် ဝန်ထမ်းများက လူနာစောင့်များအား အပူဒဏ်အန္တရာယ်အကြောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအပေါ် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မည့်အခြေအနေနှင့် တိုးမြှင့်လုပ်ဆောင်မည့် အခြေအနေများအား ရှင်းလင်းတင်ပြ



ရန်ကုန် မေ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ် မေ ၁၀ ရက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့နှင့် နိုင်ငံတော်သမ္မတ၏ ညွှန့်ဆောင်တော်၌ ကတိသစ္စာပြုခြင်း အခမ်းအနားတို့တွင် ပြောကြားခဲ့သည့် မိန့်ခွန်းအပေါ် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မည့်အခြေအနေနှင့် တိုးမြှင့်လုပ်ဆောင်မည့် အခြေအနေများအား ရှင်းလင်းတင်ပြခြင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများက ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက တစ်ဦးချင်း မိတ်ဆက်ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ မိန့်ခွန်းအပေါ် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မည့် အခြေအနေနှင့် တိုးမြှင့်လုပ်ဆောင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအား ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းကဏ္ဍများအလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

---

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ

စစ်တွေ မေ ၂၀

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အရာထမ်း၊ အမှုထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်ကြသည်။



### မှာကြား

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ နိုင်ငံ့ဝန်ကို ထမ်းဆောင်ကြရသူများဖြစ်ကြောင်း၊ အစိုးရအဖွဲ့များ မည်သို့ပင် ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများမှာ အပြောင်းအလဲမရှိဘဲ တက်လာသည့်အစိုးရများက ချမှတ်သည့် မူဝါဒများအတိုင်း လိုက်ပါဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် အုပ်ချုပ်ရေးမှူးများသည် အောက်ခြေပြည်သူများနှင့် ထိတွေ့နေရသူများဖြစ်သည့်အတွက် ပြည်သူများ၏လိုအပ်ချက်၊ လိုလားချက်များကို အဓိကလုပ်ဆောင်ပေးရသူများဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မည်ဆိုပါက စီးပွားရေးကောင်းမွန်ရန် လိုအပ်ကြောင်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေကြသော လုပ်ငန်းရှင်များမှအစ အသေးစား၊ အလတ်စား၊ အငယ်စားစီးပွားရေးလုပ်ငန်းရှင်များ အားလုံးသည် အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများနှင့် ထိတွေ့ကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များ၊ ပြည်သူများ၏ လိုလားချက်များကို ဝန်ထမ်းများက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ချို့ယွင်းအားနည်းမှုမရှိစေဘဲ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်ရောက်နိုင်ရေး၊ ပညာကိုဆုံးခန်းတိုင်သင်ကြားနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက်လည်း မိမိတို့အစိုးရအဖွဲ့အနေဖြင့် အထူးအလေးပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် အုပ်ချုပ်ရေးမှူးများသည် လုပ်ငန်းကျွမ်းကျင်ပြီး အတွေ့အကြုံရှိသူများဖြစ်ကြကြောင်း၊ လုပ်ဆောင်ရမည့်လုပ်ငန်းများကို စိတ်ကောင်းစေတနာအမှန်ဖြင့် ကြိုးစားလုပ်ဆောင်ပေးကြပါ၊ ခေတ်သစ်၊ စနစ်သစ်၊ မူဝါဒသစ်အပြောင်းအလဲများ ဖြစ်လာသောအချိန်တွင် စေတနာပါပါဖြင့် လုပ်ဆောင်ပေးကြပါ၊ အဂတိကင်းကင်းဖြင့် လုပ်ဆောင်ပေးကြပါ၊ မိမိကိုယ်တိုင်ကင်းရှင်းပြီး ပတ်ဝန်းကျင်ကိုလည်း ကင်းရှင်းအောင် လုပ်ဆောင်ပေးကြပါ၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုသည့်အတိုင်း ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ကောင်းစေတနာကောင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက မိမိတို့၏လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)
ဓာတ်ပုံ- ဝင်းမင်းစိုး

---

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် မူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်း(Main Course) ဖွင့်ပွဲတက်ရောက်

ထားဝယ် မေ ၂၀

မူလတန်းပြ ဆရာ ဆရာမများအတွက်အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်း (Main Course) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။



ဦးစွာသင်တန်းသားသင်တန်းသူ ဆရာ ဆရာမများက ပညာရွှေခေတ်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက မူလတန်းအဆင့်တွင် အင်္ဂလိပ်စာသည် ကလေးတစ်ယောက်၏ အနာဂတ်ပညာရေးနှင့် ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးမှုအတွက် အခြေခံအကျဆုံး၊ အရေးအကြီးဆုံး မဏ္ဍိုင်တစ်ခုဖြစ်ကြောင်း၊ မျက်မှောက်ခေတ် ပညာရေးစနစ်တွင် အင်္ဂလိပ်စာသည် ဘာသာရပ်တိုင်း၏ သော့ချက်ဖြစ်ကြောင်း၊ အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်းများသည် ဆရာ ဆရာမများအတွက် ပညာရေးအရည်အသွေးမြှင့်တင်ရာတွင် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးသော ကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် နွေရာသီ အားလပ်ရက်ကာလတွင် မိမိကိုယ်ကို အရည်အသွေးမြှင့်တင်ရန်(Self-Development)အတွက် အချိန်ပေး၍ အင်္ဂလိပ်စာ အရည်အသွေးမြှင့် သင်တန်းများ တက်ရောက်ကြသည်ကို များစွာဂုဏ်ယူ ဝမ်းမြောက်မိကြောင်း၊ သင်တန်းမှရရှိလာမည့် အင်္ဂလိပ်စာအရည်အချင်းများကို အသုံးချပြီး မိမိတို့၏ပတ်ဝန်းကျင်နှင့် ကျောင်းသား ကျောင်းသူများအတွက် ပိုမိုကောင်းမွန်သော ပညာအလင်းရောင်များ ပေးဝေကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ထားဝယ်တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာသန်းသန်းဦးက သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သင်တန်းသားသင်တန်းသူ ဆရာ ဆရာမများက ဒို့တာဝန်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

### လေ့ကျင့်သင်ကြား

အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း (Main Course)တွင် မူလတန်းပြ သင်တန်းသားသင်တန်းသူ ဆရာ ဆရာမ ၂၀၀ ကို ထားဝယ်တက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက မေ ၂၀ ရက်အထိ စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ပြန်ခြင်း



၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ ကော်မရှင်၏လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိရာတွင် ကော်မရှင်၏ ဆောင်ရွက်ချက်များကို အများပြည်သူသိရှိနိုင်ကြစေရန်အတွက် ၂၀၁၁ ခုနှစ်မှစတင်၍ နှစ်ပတ်လည်အစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် အစီရင်ခံစာကို မြန်မာဘာသာဖြင့် ၂၀၂၆ ခုနှစ် မတ်လတွင် ပုံနှိပ်ထုတ်ပြန်ခဲ့ပါသည်။ ယင်းအစီရင်ခံစာကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ Website ဖြစ်သည့် http://mnhrc.org.mm တွင် လွှင့်တင်ဖော်ပြထားပါသည်။

၂။ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တစ်နှစ်တာကာလအတွင်း လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေးလုပ်ငန်းများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ ဥပဒေရေးရာဆောင်ရွက်ချက်များနှင့် ကော်မရှင်ရုံးမှ ဌာန (၆) ခု၏ လုပ်ငန်းဆောင်ရွက်ချက်များ ပါဝင်ပါသည်။ ကော်မရှင်၏ ၂၀၂၅ ခုနှစ်အတွင်း လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေး ဆောင်ရွက်ချက်များတွင် လူ့အခွင့်အရေးအသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောပွဲ (၆) ကြိမ်၊ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချမှု (၇၄) ကြိမ်၊ သတင်းထုတ်ပြန်ချက် (၁၇) ခုနှင့် လူ့အခွင့်အရေးဆိုင်ရာအသိပညာပေး စာအုပ်စာတမ်းများ၊ စာစောင်များ ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း၊ ကော်မရှင်၏ ဆောင်ရွက်ချက်များကို e-newsletter ထုတ်ဝေခြင်းများ ပါဝင်ပါသည်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် တိုင်စာများစုံစမ်းစစ်ဆေးခြင်း၊ ရဲစခန်း၊ အချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းများအပါအဝင် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း (၂၁) ခု၊ လူငယ်သင်တန်းကျောင်း၊ မသန်စွမ်းကျောင်း၊ ဘိုးဘွားရိပ်သာ (၁၀) ခုတို့သို့ သွားရောက်စစ်ဆေးခဲ့ခြင်းနှင့် တွေ့ရှိချက်များအပေါ် အကြံပြုချက် စုစုပေါင်း (၃၂၆) ချက်ကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ခြင်းတို့ ပါဝင်ပါသည်။ လူ့အခွင့်အရေးဘာသာရပ်နှင့် သိမှတ်ဖွယ်ရာဘာသာရပ်များကို သုတေသနပြုခြင်း၊ အသိပညာမျှဝေဆွေးနွေးခြင်းများလည်း ပြုလုပ်ခဲ့ပါသည်။ ကော်မရှင်သည် စတင်တည်ထောင်ခဲ့သည့်အချိန်မှစ၍ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နှစ်စဉ်လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ၂၀၂၅ ခုနှစ်၊ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းများကို ယခု ၂၀၂၅ ခုနှစ်၊ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ညွှန်းတင်ပြထားပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်းပြီး ဝေဖန်အကြံပြုလိုပါက ကော်မရှင်ရုံး အမှတ် (၂၇)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ သို့လည်းကောင်း၊ အီးမေးလ် info@mnhrc.org.mm သို့ လည်းကောင်း ပေးပို့နိုင်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## ဟားခါးမြို့၌ မူလတန်းပြ ဆရာ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်

**နေပြည်တော် မေ ၂၀**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ချင်းပြည်နယ်ရှိ အခြေခံပညာ မူလတန်းပြ ဆရာ ဆရာမများ အရည်အသွေးတိုးတက်မှု မြှင့်တင်ရေး (Main Course) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်ပညာရေးမှူးရုံး တောင်ဇလပ်ခန်းမ၌ ကျင်းပသည်။



**အမှာစကားပြောကြား**

ဖွင့်ပွဲတွင် ချင်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစိန်ထွန်းလှက အမှာစကားပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် ပညာရေးမှူးရုံးမှ ပြည်နယ်ပညာရေးမှူး ဦးရွှေလိန်းက သင်တန်း စည်းကမ်းများနှင့် ပတ်သက်၍ လည်းကောင်း၊ ဟားခါးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဒေါက်တာနွယ်သင်းနီက Main Course နှင့် ပတ်သက်သည့် အခြေခံလိုအပ်ချက်များကို လည်းကောင်း ပြောကြားသည်။ အဆိုပါသင်တန်းကို ဟားခါးတက္ကသိုလ် (အင်္ဂလိပ်စာဌာန)မှ ကထိက(ဌာနမှူး)နှင့် ချင်းပြည်နယ် ဟားခါးမြို့ အထက(၁)နှင့် အထက(၂)တို့မှ သင်တန်းနည်းပြ နှစ်ဦးတို့က ဦးဆောင်ပို့ချမည်ဖြစ်ပြီး သင်တန်းကို မေ ၂၀ ရက်မှ မေ ၂၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းသို့ ဟားခါးမြို့ရှိ မူလတန်းပြ ဆရာ ဆရာမ ၇၆ ဦး တက်ရောက်ကြပြီး တီးတိန်မြို့မှ မူလတန်းပြ ဆရာ ဆရာမ ၅၅ ဦးတို့က အွန်လိုင်းဖြင့် ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

✶ ✶ ✶

## မိတ္ထီလာတက္ကသိုလ်၌ မူလတန်းပြဆရာ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်

**မိတ္ထီလာ မေ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာတက္ကသိုလ်၌ မူလတန်းပြဆရာဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဝန်ဇင်းခန်းမ၌ ကျင်းပသည်။

**ဖွင့်လှစ်ပို့ချ**

အခမ်းအနားတွင် မိတ္ထီလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဘဟန်က အမှာစကားပြောကြားပြီး မိတ္ထီလာခရိုင် ပညာရေးမှူး ဒေါ်မော်မော်က သင်တန်းနှင့်သက်ဆိုင်သော လိုက်နာရန် စည်းကမ်းချက်များအကြောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းကို မေ ၂၀ ရက်မှ မေ ၂၂ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



## မန္တလေးတိုင်းဒေသကြီးအဆင့် မူလတန်းပြ ဆရာ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်



**မန္တလေး မေ ၂၀**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးက ကြီးမှူးကာ မူလတန်းပြဆရာ ဆရာမများ အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်း (Main Course) ဖွင့်ပွဲကို ချမ်းအေးသာစံမြို့နယ် လေ့ကျင့်ရေး(အလက)ကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက အမှာစကားပြောကြားပြီး မဟာအောင်မြေခရိုင်ပညာရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ထားထားရွှေက အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို မေ ၂၀ ရက်မှ မေ ၂၂ ရက်အထိ သင်တန်းနည်းပြဆရာ ဆရာမ ခုနစ်ဦးက သင်ကြားပို့ချသွားမည်ဖြစ်ပြီး မူလတန်းပြ သင်တန်းသားဆရာ ဆရာမ ၁၅၀ တက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် မေ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ၂၀၂၆ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2">ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုဒ်</th></tr>
<tr><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း** (Air Quality Index - AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီး ဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထု အရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး

**တောင်ကြီး ဧပြီ ၂၀**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။



**ပြောကြား**

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံတွင် ဧရိယာ အကျယ်ပြန့်ဆုံး ပြည်နယ်တစ်ခုဖြစ်ပြီး တိုင်းရင်းသားပေါင်းစုံမှီတင်းနေထိုင်သည့် ပြည်နယ်တစ်ခုဖြစ်၍ တိုင်းရင်းသား မျိုးနွယ်စုတစ်စုချင်း၏ အခွင့်အရေး၊ ရပိုင်ခွင့်များနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးကို အစိုးရအဖွဲ့အနေဖြင့် အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုး ရေး၊ မွေးမြူရေးကိုအခြေခံသည့် ပြည်နယ်၏ အဓိကစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရာတွင် ပြည်သူတိုင်း ကျန်းမာရေးစောင့်ရှောက်မှု အလွယ်တကူရရှိရေးသည် အရေးကြီးပါကြောင်း၊ စီးပွားရေးကဏ္ဍတွင်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို စနစ်တကျစီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အမျိုးသမီးကဏ္ဍတွင်လည်း အမျိုးသမီးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝ လုံခြုံတိုးတက်မြင့်မားရေးနှင့် ပညာရှင်များ၊ စွမ်းဆောင်ရည်မြင့်မားသူများ ပေါ်ထွန်းလာရေးကို အလေးထားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍတွင်လည်း ပြည်နယ်၏ သဘာဝအရင်းအမြစ်ကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ပေးရန်လိုအပ်ကြောင်း၊ လျှပ်စစ်၊ စွမ်းအင်ကဏ္ဍတွင်လည်း စွမ်းအင်လိုအပ်ချက် မြင့်မားနေပြီး လောင်စာဆီပြဿနာများ ရင်ဆိုင်နေရမှုသည် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအများစုတွင် တွေ့ကြုံနေရသည့်အတွက် နိုင်ငံတော်ကချမှတ်ထားသည့် စက်သုံးဆီ ချွေတာရေးမူကို တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများကိုယ်တိုင်နှင့် အစိုးရဌာနများက စံနမူနာပြ လိုက်နာဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ရှမ်းပြည်နယ်တစ်ဝန်းလုံး မြို့ရွာကျေးလက်ဒေသပါမကျန် ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ သက်ဆိုင်ရာ တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းကြိုးပမ်းပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ယခင်လ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်တာဝန်ရှိသူများက ဌာနအလိုက် တစ်ဦးချင်းမိတ်ဆက်ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ပြန်လည်မိတ်ဆက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အထွေထွေဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# သိပ္ပံဘွဲ့ရသူများ တက်ရောက်နိုင်သည့် တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာတစ်နှစ်သင်တန်း ဖွင့်လှစ်ပို့ချပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲထွန်းဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ လက်တွေ့လုပ်ငန်းများ အလုပ်သင်ကွင်းဆင်းနေသည့် တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာတစ်နှစ်သင်တန်း အမှတ်စဉ်(၂) သင်တန်းသားများကို တွေ့ဆုံအားပေးစကား ပြောကြားသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးကသင်တန်းပြီးမြောက်ပါက နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ကြမည်ဖြစ်၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို တိကျစွာ လိုက်နာကျင့်သုံးပြီး မိမိတို့တာဝန်ကျသည့်ဒေသရှိ တိရစ္ဆာန်ဆေးကု ဆရာဝန် မြို့နယ်ဦးစီးမှူးများ၊ ဒုတိယဦးစီးမှူးများ၏ ဦးဆောင်မှုဖြင့် စည်းစည်းလုံးလုံး လက်တွဲ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆေးကုသရေးအပြင်သိပ္ပံနည်းကျ မွေးမြူထုတ်လုပ်ရေးကိုလည်း သင်တန်းကာလတွင် လေ့ကျင့်သင်ကြားပေးပြီးဖြစ်၍ ကျေးလက်ဒေသအထိ ပုံမှန်ကွင်းဆင်းစေလိုကြောင်း၊ တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ် မွေးမြူထုတ်လုပ်နိုင်ရေး ဦးတည်၍ စိတ်ကောင်းစေတနာမှန်ဖြင့် တောင်သူလယ်သမားအကျိုး ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုနည်းတူ မွေးမြူသူတိုင်းကိုလည်း ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များ(GAHP) နှင့်အညီ ဇီဝလုံခြုံမှု အားကောင်းစွာ မွေးမြူထုတ်လုပ်နိုင်ရေး တွန်းအားပေးဆောင်ရွက်ပေးရန်လိုကြောင်း၊ အထူးမှာကြားလိုသည်မှာ ထုတ်ပြန်ထားသည့် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့် အမိန့်၊ ညွှန်ကြားချက်များကို လေးစားလိုက်နာ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

တိရစ္ဆာန်ရောဂါ ကာကွယ်ကုသရေးဆိုင်ရာ အတတ်ပညာကိုကျွမ်းဝင်နားလည်သည့် အလယ်အလတ် ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်သော သိပ္ပံဘွဲ့ရသူများ တက်ရောက်နိုင်သည့် တိရစ္ဆာန်ဆေးကုသိပ္ပံဒီပလိုမာ တစ်နှစ်သင်တန်းကို စာတွေ့သင်ကြားရေးကိုးလ ၊ လက်တွေ့သုံးလပို့ချပေးလျက်ရှိရာ အမှတ်စဉ်(၁) သင်တန်းပြီးမြောက်ခဲ့သည့် သင်တန်းသား ၆၅ ဦးကို ဒုတိယလက်ထောက်ဦးစီးမှူး တာဝန်ပေးအပ်ပြီးဖြစ်ကြောင်း၊ ယခုအမှတ်စဉ်(၂) သင်တန်းသား ၅၂ ဦးသည် စာတွေ့သင်ကြားရေး ကိုးလ ပြီးဆုံးပြီဖြစ်၍ အလုပ်သင်ကွင်းလက်တွေ့လုပ်ငန်းများကို ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အဖွဲ့သုံးဖွဲ့ခွဲ၍ သုံးလတာ ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ အမှတ်စဉ်(၃) သင်တန်း ဆက်လက်ဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် ဧပြီလအတွင်း (၁-၄-၂၀၂၆ ရက်နေ့မှ ၁၅-၄-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scanner၊ Air Quality Monitoring Station (AQM-65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer- 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$)နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုဒ်</th></tr>
<tr><td>၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဇုတ်ဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့</td><td>ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>မိတ္ထီလာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>စစ်ကိုင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>-</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>–</td><td>–</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ဖျာပုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>မုဒုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်သော</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>လက်ခံနိုင်သော</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

## လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာအနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်နိုင်ရေး အစည်းအဝေးတက်ရောက်



ပုသိမ် မေ ၂၀

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးမကျမီကာလအတွင်း သဘာဝဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကြိုတင် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးမကျမီကာလအတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းများဆောင်ရွက်ထားရှိမှုများနှင့် တက်ရောက်လာသည့်ဌာနများမှ သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထိုကဲ့သို့ သက်ဆိုင်ရာဌာနများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးသည် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ရင်ဆိုင်နေရသည့် တိုင်းဒေသကြီး ဖြစ်ပါကြောင်း၊ ဆည်၊ မြောင်း၊ တာတမံများ၊ ရေငံတားတာများလည်း များပြားသည့်အတွက် ဆည်၊ တာတမံများ၏ ကြံ့ခိုင်ရေး၊ ယိုစိမ့်မှုများ၊ ကျိုးပေါက်မှုများ မဖြစ်စေရေးကိုလည်း စစ်ဆေး ဆောင်ရွက်ရန်လိုပါကြောင်း၊ ဧရာဝတီမြစ်၊ ငဝန်မြစ်စသည့်မြစ်ကြီးမြစ်ငယ်အသွယ်သွယ် စီးဆင်းသည့်အတွက် ကမ်းပြိုမှုများဖြစ်ပေါ်လျက်ရှိရာ ကာကွယ်ရေးလုပ်ငန်းများကိုလည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းများအနေဖြင့်လည်း အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ ဒေသအလိုက် လုပ်ငန်းဆောင်ရွက်မှု များနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း များ ဆောင်ရွက်မည့်အစီအမံများ စီစဉ်ဆောင်ရွက် ထားရှိရန်လိုကြောင်း၊ မိုးရာသီသစ်ပင်စိုက်ပျိုးနိုင် ရေးအတွက် ပျိုးပင်များစုဆောင်းထားရှိမှုနှင့် အချိန်မီစိုက်ပျိုးနိုင်ရေး၊ လမ်းဘေးဝဲ/ယာ တစ်အုပ် တစ်မသစ်ပင်များစိုက်ပျိုးနိုင်ရေး၊ လမ်းပန်းဆက်သွယ် ရေးများ ကောင်းမွန်စေရေး၊ မိုးရာသီကာလအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေး၊ စက်သုံးဆီ အချိန်မီရရှိစေရေး၊ သွင်းအားစုများ အချိန်မီရရှိစေရေး၊ စာရင်းဇယားများ တိကျမှန်ကန်မှု ရှိစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ ပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အလုပ်ခွင်(ပြင်ပ) ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုငွေထုတ်ပေး



ရန်ကုန် မေ ၂၀

အလုပ်သမား ဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အညီ ကျန်ရစ်သူ ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုငွေထုတ်ပေးခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံအရာရှိဒုတိယ ညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေး မှူးက ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော No. 70/71 Water Pipe Ware-house (Popular) စက်ရုံမှ အာမခံ အလုပ်သမား ဦးအောင်သူရ၏ လုပ်ငန်းခွင်မှ အပြန်လမ်းခရီး၌ မတော်တဆ ထိခိုက်ခဲ့မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၁၄၈၁၂၅၀၀ ကို သေဆုံးသူ၏ဖခင်ဖြစ်သူ ဦးဘလှိုင်ထံသို့ ရုံးခွဲတာဝန်ခံ၊ နယ်မြေတာဝန်ခံ၊ အလုပ်ဌာန တာဝန်ရှိသူများနှင့် WCC အဖွဲ့ဝင်များရှေ့တွင် လက်ဝယ်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းသန်းအေး(ပြန်/ဆက်)**



## ရက်( ၁၀၀ )စီမံချက်ဖြင့် ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

မြောင်းမြ မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာဝန်ရှိသူများက အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ဆောင်ရွက်ပေး ခြင်းကို ယနေ့နံနက်ပိုင်းမှစ၍ ချောင်းလေးကျေးရွာ၌ ပြုလုပ်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်စန္ဒာအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်၊ မြောင်းမြမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးသည်။

ထို့နောက် မြောင်းမြမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်ထွန်း ဦးဆောင်၍ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်း၊ အိမ်ထောင်စုစာရင်းနှင့် e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူ၍ Unique ID နံပါတ် တစ်ပါတည်း ဆောင်ရွက်ခြင်းများကို လုပ်ဆောင်ပေးခဲ့ကြောင်း သိရ သည်။

ခရိုင်(ပြန်/ဆက်)

## ကျုံပျော်မြို့၌ “WE LOVE KYONPYAW” မြို့ဝင်ဆိုင်းဘုတ်သစ်ဖွင့်ပွဲ ပြုလုပ်

ကျုံပျော် မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ အင်းရဲလမ်းဆုံတွင် ဆောင်ရွက်ထားရှိသည့် “WE LOVE KYONPYAW” မြို့ဝင်ဆိုင်းဘုတ်သစ် ဖွင့်ပွဲကို မေ ၂၀ ရက် နံနက် ၈ နာရီက ပြုလုပ်သည်။

ဦးစွာ ဆိုင်းဘုတ်သစ်အား ဧရာဝတီတိုင်းဒေသကြီး စည်ပင် သာယာရေးဝန်ကြီး ဦးမောင်မောင်ဦး၊ ကျုံပျော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရန်နိုင်ဝင်း၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်နိုင်နှင့် မြို့မိမြို့ဖ ဦးသိန်းမြင့်ဆောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ယင်းနောက် စည်ပင်သာယာရေးဝန်ကြီးနှင့် ဧည့်သည်တော်များက “WE LOVE KYONPYAW” ဆိုင်းဘုတ်သစ်အား အမွှေးနံ့သာ ပက်ဖျန်း ပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## သရက်မြို့ စည်ပင်သာယာဈေးတွင် ဈေးပိတ်ချိန် မီးဘေးလုံခြုံရေးစစ်ဆေး



သရက် မေ ၂၀

သရက်မြို့ စည်ပင်သာယာဈေးတွင် ဈေးပိတ်ချိန် လျှပ်စစ်မီးများ စနစ်တကျအသုံးပြုစေရေး၊ မီးခလုတ်များအစရှိသော သတိပေးဆော်ဩခြင်း၊ မီးဘေးလုံခြုံရေးစစ်ဆေးမှုများကို ယနေ့ညနေပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဈေးပိတ်ချိန် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို သရက်မြို့နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဇော်လွင်မိုး ဦးဆောင်၍ မြို့နယ်လျှပ်စစ်၊ စည်ပင်ဈေးဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လိုက်လံစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကောင်းစစ်နိုင်**

# အမေရိကန်နှင့် အစ္စရေးတို့၏ နိုင်ငံရေးအရ တရားမျှတမှုမရှိသည့် ဆောင်ရွက်ချက်များကို ကာကွယ်သွားမည်ဟု အီရန်သမ္မတပြောကြား



**တီဟီရန် မေ ၂၀**

အီရန်နိုင်ငံသည် အမေရိကန်နှင့် အစ္စရေးတို့၏ နိုင်ငံရေးအရ တရားမျှတမှု မရှိသည့် ဆောင်ရွက်ချက်များကို ကာကွယ်သွားမည်ဖြစ်ကြောင်း သမ္မတ မာဆော့ ပီဇက်ရှ်ကီရှန်က ပြောကြားခဲ့သည်။ ဒေသတွင်း လက်ရှိအခြေအနေများ၊ တီဟီရန်နှင့် ဝါရှင်တန်အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် နှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးနှင့် ဆက်စပ်သောကိစ္စရပ်များကို အီရန်သမ္မတနှင့် ပါကစ္စတန် ဝန်ကြီးချုပ် ရှာဗတ်ရှာရစ်တို့ကြား ဖုန်းဖြင့် ဆွေးနွေးခဲ့ရာတွင် အထက်ပါအတိုင်း ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့် အစ္စရေးတို့၏ အီရန်ဆန့်ကျင်ရေး ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ပီဇက်ရှ်ကီရှန်က သတိပေးခဲ့သည်။ အမေရိကန်သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် အပစ်အခတ်ရပ်စဲရေးကာလအတွင်း ၎င်း၏ ကတိများကို အဆက်မပြတ် ချိုးဖောက်ခဲ့ကြောင်းနှင့် အီရန်အပေါ် ရေတပ်ပိတ်ဆို့မှုလုပ်ရပ်ကို ဆက်လက်လုပ်ဆောင်ခြင်းဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်ခြင်းအပြင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းအား ချိုးဖောက်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အမေရိကန် တာဝန်ရှိသူများ၏ အီရန်အပေါ် ထိုကဲ့သို့သော လုပ်ဆောင်ချက်များသည် ဝါရှင်တန်အပေါ် တီဟီရန်၏ သံသယများ ပိုမိုတိုးပွားလာစေကာ အမေရိကန်သည် သံတမန်ရေးကို ချိုးဖောက်ရန် ကြိုးပမ်းနေသည်ဟူသော အချက်ကို ပေါ်လွင်စေကြောင်း အီရန်သမ္မတက ပြောကြားခဲ့သည်။

အမေရိကန်နှင့် ဒုတိယအကြိမ်ပြုလုပ်မည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အီရန်နိုင်ငံက ပါဝင်ဆွေးနွေးမည်မဟုတ်ကြောင်း အီရန်တရားဝင်သတင်းအေဂျင်စီ အိုင်နာက မေ ၁၉ ရက်တွင် ပြောကြားသည်။

အီရန် ပါဝင်ဆွေးနွေးခြင်းမပြုသည့် အကြောင်းရင်းမှာ ဝါရှင်တန်၏တောင်းဆိုချက်များ များပြားခြင်း၊ ဆွေးနွေးပွဲအပေါ် ဖြစ်နိုင်ချေမရှိသည့် မျှော်မှန်းချက်များထားရှိခြင်းနှင့် အမေရိကန်ရေတပ်ဖွဲ့များက အီရန်အပေါ် ပိတ်ဆို့မှုများဆောင်ရွက်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ဆိုရှယ်မီဒီယာ အိက်စ်တွင် အိုင်နာသတင်းအေဂျင်စီက ပြောကြားသည်။

ထို့အပြင် အစ္စလာမ္မာဘတ်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပမည့် အကြောင်းရင်းမှာ အီရန်နိုင်ငံအပေါ် ဖိအားပေးရန် အမေရိကန်၏ မီဒီယာကစားကွက်ဖြစ်ပြီး အမေရိကန်၏ များပြားသည့်တောင်းဆိုချက်များနှင့် မကြာခဏ အပြောင်းအလဲပြုလုပ်သည့် သဘာဝကြောင့် ညှိနှိုင်းဆွေးနွေးရေးလုပ်ငန်းများကို ရှေ့တိုးရန် အဟန့်အတားဖြစ်စေကြောင်း အီရန်ဘက်မှ ပြောကြားသည်။

အီရန်နှင့် အမေရိကန်ကြား ယခုနှစ် ဧပြီ ၈ ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် စတင်ရရှိခဲ့ပြီးနောက် အစ္စလာမ္မာဘတ်တွင် ဧပြီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပခဲ့သော်လည်း ညှိနှိုင်းဆွေးနွေးမှုများ မအောင်မြင်ခဲ့ပြီးနောက် အမေရိကန်ရေတပ်ဖွဲ့က အီရန်အပေါ် ရေကြောင်းပိတ်ဆို့ခြင်းများ ဆောင်ရွက်ခဲ့သည်။

အီရန်အနေဖြင့် အမေရိကန်၏ တောင်းဆိုချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုက်ခိုက်မှုများကို ဆက်လက်ဆောင်ရွက်မည်ဟု အမေရိကန်သမ္မတ ထရမ့်က ပြောကြားသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

# မလေးရှားပြည်တွင်းသုံးလောင်စာဆီ ရုရှားနိုင်ငံမှ ဝယ်ယူမည်




**ကွာလာလမ်ပူ မေ ၂၀**

မလေးရှားနိုင်ငံတွင်းသုံးစွဲရန်အတွက် လောင်စာဆီများကို ရုရှားနိုင်ငံမှ ဝယ်ယူရေးအတွက် ပီထရိုနတ်စ် စွမ်းအင်လုပ်ငန်းက ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အန်ဝါ အီဘရာဟင်က ပြောကြားသည်။

ရုရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၏ ဆက်ဆံရေးသည် ချောမွေ့လျက်ရှိသဖြင့် မိတ်ဆွေနိုင်ငံဖြစ်သည့် ရုရှားနိုင်ငံမှ လောင်စာဆီများကို ဝယ်ယူရန် ပီထရိုနတ်စ်က ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း အန်ဝါ အီဘရာဟင်က ပြောကြားသည်။

မလေးရှားနိုင်ငံအနေဖြင့် အီရန်အပါအဝင် နိုင်ငံများအားလုံးနှင့် ချစ်ခင်ရင်းနှီးမှုရှိသောကြောင့် ကုန်သွယ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေမှုရှိပြီး ဟော်မုဇ်ရေလက်ကြားမှ မလေးရှားသင်္ဘောများ အစောဆုံးဖြတ်သန်းခွင့်ရခဲ့ကြောင်း အန်ဝါအီဘရာဟင်က ပြောကြားသည်။

ထိုကဲ့သို့ ဖြတ်သန်းခွင့်ရခဲ့ခြင်းဖြင့် နိုင်ငံ၏ စွမ်းအင်ကဏ္ဍကို ထိခိုက်မှုမရှိစေခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

# ဗီယက်နမ်နိုင်ငံ တန်ဆွန်နတ်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ နိုင်ငံတကာလေကြောင်းခရီးစဉ်များကို လောင်သန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြောင်းလဲပြေးဆွဲမည်

**ဟန္နိုင်း မေ ၂၀**

ဗီယက်နမ်နိုင်ငံ တောင်ပိုင်းဒေသမြို့တော်ဖြစ်သည့် ဟိုချီမင်းမြို့ တန်ဆွန်နတ်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြေးဆွဲနေသည့် နိုင်ငံတကာလေကြောင်းခရီးစဉ်များ၏ ၉၀ ရာခိုင်နှုန်းကို လာမည့်နှစ်မှစတင်၍ လောင်သန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြောင်းလဲပြေးဆွဲမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ လေဆိပ်များဆိုင်ရာ ကော်ပိုရေးရှင်း၏ ပြောကြားချက်ကို ကိုးကား၍ ဒေသခံမီဒီယာ သန်နန်းသတင်းစာက မေ ၂၀ ရက်တွင် သတင်းဖော်ပြခဲ့သည်။

ယင်းကော်ပိုရေးရှင်းက အဆိုပြုသည့် အစီအမံအရ နိုင်ငံတကာခရီးစဉ်များကို လောင်သန်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြောင်းလဲပြေးဆွဲခြင်းဖြစ်သည်။ ယခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၇ ခုနှစ် မတ် ၂၇ ရက်အထိ နိုင်ငံတကာခရီးစဉ်များ၏ ၁၉ ရာခိုင်နှုန်းကို လောင်သန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြောင်းလဲပြေးဆွဲမည်ဖြစ်ပြီး နိုင်ငံတကာခရီးစဉ်များ၏ ၉၀ ရာခိုင်နှုန်းကျော်ကို လောင်သန်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ၂၀၂၇ ခုနှစ်အတွင်း ပြေးဆွဲမည်ဟု သိရသည်။

၂၀၃၀ ပြည့်နှစ်မှစတင်၍ နိုင်ငံတကာခရီးစဉ်များကို လောင်သန်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင်သာ ပြေးဆွဲမည်ဖြစ်သည်။

တန်ဆွန်နတ်လေဆိပ်တွင် ပြည်တွင်းလေကြောင်းခရီးစဉ်များနှင့် နိုင်ငံတကာစင်းလုံးငှားလေကြောင်းခရီးများအပါအဝင် သတ်မှတ်ထားသည့် နိုင်ငံတကာ အထူးခရီးစဉ်အချို့သာ ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ





# တရုတ်နိုင်ငံ၌ အမျိုးသားစာဖတ်ရှိန်မြှင့်တင်ရေးသီတင်းပတ် ကျင်းပ

**နန်ချန် မေ ၂၀**

တရုတ်နိုင်ငံ၏ (၅)ကြိမ်မြောက် အမျိုးသား စာဖတ်ရှိန်မြှင့်တင်ရေး ညီလာခံနှင့် အမျိုးသားစာဖတ်ရှိန်မြှင့်တင်ရေးသီတင်းပတ်ကို မေ ၂၀ ရက်က တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်းဇုပြည်နယ် နန်ချန်မြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တရုတ်နိုင်ငံ ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပြည်သူ့ဆက်ဆံရေးဌာန အကြီးအကဲ လီရှူလိုင် တက်ရောက်၍ အမှာစကား ပြောကြားခဲ့သည်။ နိုင်ငံတစ်ဝန်းတွင် စာဖတ်ရှိန်မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ရန်နှင့် နိုင်ငံသားများ၏ လူမှုအသိုင်းအဝိုင်းတွင် စာဖတ်ရှိန်မြှင့်တင်သည့် ယဉ်ကျေးမှု ထူထောင်ရန် အခမ်းအနား တက်ရောက် လာသူများက ပန်ကြားခဲ့သည်။

**ပြောကြား**

စာပေဖတ်ရှုခြင်းသည် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအကြောင်းတရားဖြစ်သဖြင့် နိုင်ငံတစ်ဝန်း စာဖတ်ရှိန်မြှင့်တင်ခြင်းဖြင့် ယဉ်ကျေးမှုမြင့်မားသည့် နိုင်ငံဖြစ်လာစေရေး ဆောင်ရွက်မည်ဖြစ်ကြောင်း အခမ်းအနား တက်ရောက် လာသူများက ပြောကြားသည်။ ပြည်သူ့စာဖတ်ခန်းဖွံ့ဖြိုးရေးနှင့် စီမံခန့်ခွဲမှု မြှင့်တင်ရေးအတွက်လည်း ၎င်းတို့က တောင်းဆိုခဲ့သည်။

ယခုနှစ်၏ အမျိုးသားစာဖတ်ရှိန်မြှင့်တင်ရေး သီတင်းပတ်ကို မေ ၂၀ ရက်မှ ၂၆ ရက်အထိကျင်းပမည်ဖြစ်ပြီး ၎င်းသီတင်းပတ်အတွင်း စာဖတ်ရှိန်မြှင့်တင်သည့် လှုပ်ရှားမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

# မူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်

ဘားအံ မေ ၂၀



မူလတန်းတွင် ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာကို ကောင်းမွန်စွာသိရှိနားလည်ပြီး အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အဆင့်တို့တွင် ပြန်လည်အသုံးချနိုင်စေရန် မူလတန်းပြဆရာ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း (Main Couse)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အင်္ဂလိပ်စာဘာသာစကားသည် ကျောင်းစာမေးပွဲများနှင့် နိုင်ငံတကာတက္ကသိုလ်များတွင် အောင်မြင်မှုရရှိရန် လိုအပ်သည့်စွမ်းရည်များကို လေ့ကျင့်ပေးနိုင်ခြင်း၊ တီထွင်ဖန်တီးနိုင်စွမ်းကို မြှင့်တင်ပြီး အခြားနိုင်ငံများမှ ကျောင်းသား ကျောင်းသူများနှင့် ချိတ်ဆက်လုပ်ဆောင်နိုင်ခြင်း အကျိုးကျေးဇူးများရရှိကာ နိုင်ငံအတွက်အားထားရမည့် လူငယ်များ ပေါ်ထွန်းလာစေမည် ဖြစ်သည့်အတွက် ယခုသင်တန်းကို တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ တပည့်သားသမီးများကို ပြုစုပျိုးထောင်နိုင်ရန် လက်တွေ့ကျကျ သင်ယူမှတ်သားကြပြီး စာသင်ခန်းများအတွင်း ပြန်လည်အသုံးချသင်ကြားပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက သင်တန်းအတွက် စီစဉ်ဆောင်ရွက်ထားသည်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးက သင်တန်းသား သင်တန်းသူများ တက်ရောက်မှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို တက္ကသိုလ်များတည်ရှိရာ ဘားအံခရိုင်အတွင်းရှိ ဘားအံမြို့နယ်နှင့်လှိုင်းဘွဲ့မြို့နယ်တို့မှ မူလတန်းပြအင်္ဂလိပ်စာသင် ဆရာ ဆရာမ ၁၆၂ ဦးတက်ရောက်၍ ဘားအံတက္ကသိုလ်၊ ဘားအံပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာဦးစီးဌာနတို့မှ သင်တန်းနည်းပြများက မေ ၂၀ ရက်မှမေ ၂၂ ရက်အထိ (အစိုးရရုံးပိတ်ရက်များမပါ) သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အရှေ့တောင်တိုင်းစစ်ဌာနချုပ် မိသားစုဝင် ကျောင်းသား ကျောင်းသူများအတွက် ယဉ်ကျေးလိမ္မာသင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းများ ဖွင့်လှစ်



နေပြည်တော် မေ ၂၀

အရှေ့တောင်တိုင်းစစ်ဌာနချုပ် မိသားစုဝင် ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ယဉ်ကျေးလိမ္မာသင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး နေမျိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မော်လမြိုင်မြို့နယ် ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း(YMBA)မှ ကျောင်းသား ကျောင်းသူများ၏ ၃၈ ဖြာမင်္ဂလာ တရားတော်များနှင့် ပြည်သူ့နီတိတို့မှ မင်္ဂလာတရားတော်များကို တေးသရုပ်ဖော်ကပြမှုအား ကြည့်ရှုအားပေးကြသည်။ ထို့နောက် သင်တန်းသား ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသူများနှင့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား သင်တန်းသူ ၅၀ဖြင့်လည်းကောင်း၊ ကွန်ပျူတာသင်တန်းကို သင်တန်းသား သင်တန်းသူ ၁၇ ဦးဖြင့်လည်းကောင်း၊ အင်္ဂလိပ်စာသင်တန်းကို သင်တန်းသား သင်တန်းသူ ၃၄ ဦး ဖြင့်လည်းကောင်း မေ ၂၉ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့၌ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ ကျင်းပ

မြစ်ကြီးနား မေ ၂၀



ကချင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ မြစ်ကြီးနားမြို့ ဧရာဝတီရှုခင်းသာအပန်းဖြေစခန်းတွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းက ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနား ကျင်းပသည်။ ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီး၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အတွင်းရေးမှူးနှင့်ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ဧရာဝတီရှုခင်းသာအပန်းဖြေစခန်းမှ ဧရာဝတီမြစ်အတွင်းသို့နှစ်လက်မအရွယ် ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ တစ်သိန်း၊ ရွှေဝါငါးကြင်းငါးသားပေါက်ကောင်ရေ နှစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းကို ဇီဝိတဒါန ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့ရှိ နွေစပါးနှင့်ညောင်ရွှေမြို့ ရှုရှားနေကြာစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

တောင်ကြီး မေ ၂၀

ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် မေ ၁၉ ရက်တွင် တောင်ကြီးမြို့နယ် ဘုရားငါးဆူကျေးရွာရှိ ချယ်ရီမြေ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းက နွေစပါးစိုက်ပျိုးထားရှိမှုနှင့် ဆူးပုတ်ကွေ့ကျေးရွာရှိ သိန်းခနေထွန်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းနှင့် ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာရှိ ပင်မြင့်စံငွေစုငွေချေး သမဝါယမအသင်းတို့က ရှုရှားနေကြာ စိုက်ပျိုးထားရှိသည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်က နွေစပါးစိုက်ပျိုးခြင်းနှင့် ပတ်သက်၍သတ်မှတ်စိုက်ကေအားလုံး စိုက်ပျိုးပြီးဖြစ်၍သွင်းအားစုမြေဩဇာများ သတ်မှတ်ရက်အတိုင်း ထည့်သွင်းခြင်း၊ ရွက်ဖျန်းမြေဩဇာများ စနစ်တကျပက်ဖျန်းခြင်းများ ဆောင်ရွက်သွားကြရန်နှင့် ရှုရှားနေကြာနှင့် ပတ်သက်ပြီး ရိတ်သိမ်းချိန်ကာလ ရောက်ရှိပြီဖြစ်၍ လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရှိရန်နှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး ဂရုပြုဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**



# ရွှေပြည်သာမြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်များ ရုံးဖွင့်ပွဲနှင့် ကွန်ပျူတာ(အခြေခံ)သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၀



ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်များရုံးဖွင့်ပွဲနှင့် အသက်မွေးဝမ်းကျောင်း ကွန်ပျူတာ (အခြေခံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၆)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရွှေပြည်သာမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးဝင်း၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်နှင့် ဒုတိယဥက္ကဋ္ဌဦးကျော်ကျော်စိုးတို့က အမှာစကားပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ်များရုံးအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဝင်းသန့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲရင့်စိုးညွန့်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းနိုင်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဝင်ထူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လွှတ်တော်ကိုယ်စားလှယ်များရုံး ဆိုင်းဘုတ်အား အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ အသက်မွေးဝမ်းကျောင်း ကွန်ပျူတာသင်တန်းဖွင့်ပွဲကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်က အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများ သင်ယူနေမှုအား ကြည့်ရှုအားပေးခဲ့ကြသည်။

အသက်မွေးဝမ်းကျောင်း ကွန်ပျူတာ(အခြေခံ) သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၈၀ တက်ရောက်ခဲ့ပြီး နံနက်ပိုင်း ၄၀ မွန်းလွဲပိုင်း ၄၀ သင်ကြားပို့ချပေးသွားမည်ဖြစ်ကာ သင်တန်းကာလ ခြောက်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၁ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံ

နေပြည်တော် မေ ၂၀

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၁ ဦးသည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ကျင်းပသည်။



အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ် လုပ်ဆောင်နေမှုများကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်ခြင်းမရှိတော့ဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့မှ အမျိုးသား နှစ်ဦး၊ နတ်တလင်းမြို့မှ အမျိုးသား တစ်ဦး၊ မင်းလှမြို့မှ အမျိုးသား နှစ်ဦး၊ ညောင်လေးပင်မြို့မှ အမျိုးသား ခြောက်ဦး စုစုပေါင်း အမျိုးသား ၁၁ ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား အသိပညာပေး အမှာစကား ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် MA1 သေနတ် တစ်လက်၊ MA3 သေနတ် နှစ်လက်၊ BA63 သေနတ် တစ်လက်၊ M79 လက်လုပ်သေနတ် တစ်လက်၊ ကျည်မျိုးစုံ ၂၅၂ တောင့်၊ ကျည်အိမ်မျိုးစုံ ရှစ်ခု၊ ၄၀ မမဖုံးသီး တစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မောင်းပြန်ရိုင်ဖယ်သေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် လေးလက်အတွက် ငွေကျပ် သိန်း ၂၀၀၊ လက်လုပ်သေနတ် တစ်လက်အတွက်ဆုကြေးငွေကျပ် ငါးသိန်း၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ တစ်ဦးလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် ၁၁ ဦးအတွက် ကျပ် ၃၃ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ခံဝန်ကတိလက်မှတ် ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံ ပေးအပ်ခဲ့သည်။ ယင်းနောက်တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်-

၁။ PDF ထဲကို ရောက်ရှိလာတာ ရွာအနီးကလူတွေက ကျေးရွာကို ကာကွယ်ဖို့ အဲဒီလိုမျိုးဖွဲ့စည်းခြင်းမျိုး ဖွဲ့စည်းမယ်ဆိုပြီး သွားရောက်ခြင်းဖြစ်တယ်။ ဆင့်ကဲဆင့်ကဲ အဲဒီလိုမျိုး သူတို့ကခိုင်းတယ်။ညီတို့က အဲဒီလိုမျိုးဟာတွေ မကြိုက်ဘူး။ လုံးဝအပြစ်မရှိတဲ့ ပြည်သူတွေအပေါ်ကို နိုင်ထက်စီးနင်းပြောတာတွေကို ညီတို့က လက်မခံနိုင်ဘူး။ အဲဒီလိုမျိုးတွေလည်းမကြိုက်ဘူး။ သူတို့ခေါင်းစဉ်တပ်ထားတာ ပြည်သူ့ကာကွယ်ရေးဆိုပြီးတော့ ခေါင်းစဉ်တပ်ထားခဲ့တာ။ တကယ်တမ်းကျတော့ ခေါင်းစဉ်အလိုက်နဲ့ ဘာမှမသက်ဆိုင်တဲ့အတွက် ညီတို့လည်း ဆက်ပြီးတော့ သူတို့ဘက်မှာ ရပ်တည်ပေးနေစရာ အကြောင်းမရှိဘူး။ သူတို့ခိုင်းတာ စေတာလုပ်ပြီးတော့ ညီတို့



နေပေးစရာအကြောင်း မရှိတော့ဘူး။ ညီတို့က အသားလွတ်မြေစာပင်အသေခံရမှာ။အလင်းဝင်ဖို့ စဉ်းစားခဲ့တာတော့ကြာပြီ။ ဒါပေမဲ့ မဝင်ရဲဘူး။ အရင်တုန်းကတော့ ဝါဒမှိုင်းတွေမိထားတဲ့အတွက် ဒီအထဲကိုရောက်ရင် ဘယ်လိုမျိုးဖြစ်မလဲ။ စပြီးထွက်လာကတည်းက နည်းနည်းတော့ တုန်လှုပ်တာပေါ့။ ကျွန်တော်တို့ အမှားလုပ်ခဲ့တာကို ခွင့်လွှတ်ပေးပြီးတော့ နွေးထွေးစွာပြန်လည်ကြိုဆို ခွင့်လွှတ်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်လို့ ပြောချင်ပါတယ်။ အမြင်မှန် အမြန်ဆုံးရပြီးတော့ ဝင်စေချင်တယ်။ သူတို့လည်းဝင်ဖို့ဆန္ဒတွေ တော့ရှိတယ်။ ဒါပေမဲ့ သူတို့က အကြောက်တရားလေး နည်းနည်း ရှိနေသေးတယ်။ မေးလာခဲ့ရင် ပွင့်ပွင့်လင်းလင်းပဲ ပြောမှာ။ ဒီဘက်ကဘယ်လိုထားတယ်။ ဘယ်လိုအဆင်ပြေအောင် လုပ်ပေးခဲ့တဲ့ အကြောင်းတွေ ပွင့်ပွင့်လင်းလင်းပြောပြပြီးတော့ ခေါ်ချင်တယ်။

၂။ ရွာမှာ အဲဒီလို ကိုယ့်ကိုစည်းရုံးတဲ့အချိန်မှာ သူတို့ပြောတဲ့ စကားတွေကို ယုံပြီးတော့ ကျွန်တော်ပါသွားခဲ့တာ။ ပြန်ဝင်လာဖြစ်တဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့လူငယ်တွေ မြေစာပင်ဖြစ်နေတဲ့အတွက် ကျွန်တော်တို့ကတော့ အလကားနေအလကား အသေမခံနိုင်ဘူး။ သူတို့ကောင်းစားဖို့အတွက်တော့ ကျွန်တော်တို့ မလုပ်နိုင်ဘူးဆိုတဲ့



အနေနဲ့ပဲ ကျွန်တော်တို့ ပြန်ဝင်လာခဲ့တာပါ။ ကျွန်တော်တို့ ဒီဘက်ကိုရောက်လာတော့ သူတို့ပြောတဲ့ဟာတွေနဲ့ တအားကွာခြားလွန်းတယ်။ ဒီဘက်မှာဆို ညီအစ်ကိုလိုသွားလာတယ်။ တော်တော်လည်း ပျော်ပါတယ်။ နောက်ထပ်လာမယ့် ညီအစ်ကိုတွေကို လာခဲ့ပါလို့ပဲ ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့ ဒီမှာမိသားစုလို နွေးနွေးထွေးထွေးနဲ့ မိသားစုနဲ့ ကောင်းကောင်းမွန်မွန် နေရပါတယ်လို့ ပြောချင်ပါတယ်။

သတင်းစဉ်

☆ ကျောဖုံးမှ

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး ဒုတိယတိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားကာ အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများနှင့်အတူ အထူးနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကြိုတင်ကာကွယ်
# အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓါတ်ဆားဓါတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

## အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ

- ➢ တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- ➢ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- ➢ မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ➢ ရေများများသောက်ပါ။





## အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- ➢ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- ➢ နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ➢ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ခြင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- ➢ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။



၁ ၂ ၃

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

## သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ
(Heat Exhaustion)

- ➢ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ➢ ကြွက်တက်ခြင်း၊ နုံးချိပျော့ခွေခြင်း၊
- ➢ အလွန်အမင်းရေဆာခြင်း၊
- ➢ ဂနာမငြိမ်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ
(Heat Stroke)

- ➢ အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်းခြောက်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ➢ ကယောင်ကတမ်းဖြစ်ခြင်း၊
- ➢ တက်ခြင်း၊ သတိလစ်ခြင်း။

## အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ၊
- အရည်များများသောက်ခြင်း စသည့် အပူဒဏ်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက်များကိုလိုက်နာပါ။



## အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- ➢ သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- ➢ နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ➢ ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- ➢ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

## အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- ➢ လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ၊
- ➢ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- ➢ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- ➢ လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- ➢ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ၊
- ➢ လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသပါ။

၄ ၅ ၆

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

# သာသနာနှင့် ရင်းနှီးမှု




ကျွန်တော်တို့ ယခုဖြင့် ရဟန်းခမည်းတော်၊ မယ်တော်နှင့်စပ်၍ ကိုရင့်ခမည်းတော်၊ မယ်တော်နှင့်စပ်၍ မလွယ်ကြောင်းကို အမြွက်မျှ သိကြရပေပြီ။

လောက၌ အခြားအခြားသော ဘုရင့်ခမည်းတော်၊ မယ်တော်၊ သူဌေးခမည်းတော်၊ မယ်တော် စသောအမည် အမျိုးမျိုးကိုသာ သူသူငါငါ သံသရာ အစဉ်အဆက်မှာ ရနိုင်ကြသည်။ ရခဲ့ကြသည်။ ဆိုခဲ့ပြီး ကိုရင့်မယ်တော်တို့ ခမည်းတော်တို့ဆိုတာက ဘုရားသာသနာနှင့်လည်းကြုံပါမှ မိမိကလည်း လူအဖြစ်နှင့် ရှိရုံသာမက ဗုဒ္ဓဘာသာဝင် သူတော်စင်လည်းဖြစ်မှ စသော အကြောင်းအချက်တွေကလည်းရှိဖို့ လိုသေးသည်။ ရှိပါမှလည်း ခမည်းတော် မယ်တော်ဟူသော သာသနာနှင့်စပ်သောဘွဲ့မျိုးကို ရရှိနိုင်ကြောင်း သိပြီး ဖြစ်သည်။

အမှန်တော့ မိမိ၏သားသမီးများကို သာသနာတော်အတွင်းသို့ သွတ်သွင်းချီးမြှင့်ပေးသည်ဆိုသည်မှာ မိမိတို့အဖို့ သာသနာနှင့် ရင်းနှီးဖို့ပင်ဖြစ်သည်။

“သာသနဒါယာဒေါတိ သာသနဿ အဗ္ဘန္တရော ဉာတကော” ဟု ဋီကာဆရာတော်များက အဆိုအမိန့် ပြုကြသည်။ ‘သာသနဒါယာဒေါတိ-သာသနာ့အမွေခံဟူသည်၊ သာသနဿ -သာသနာတော်၏၊ အဗ္ဘန္တရော-အတွင်းကျသော၊ ဉာတကော-ဆွေမျိုး ပင်တည်းဟူ၍ ဖြစ်သည်။

ဤသို့မိန့်ဆိုသည်မှာ ရှင်းပြုပေး၊ ရဟန်းခံပေးသော ပုဂ္ဂိုလ်များမှာ နဂို ရှင်မပြုခင်က ရဟန်းခံမပေးခင်ကနှင့်မတူ ဘုရားကျောင်းကန်နှင့် ပိုပြီး နီးစပ်သွားကြသည်။ ယခင်က ကျောင်းရောက်ရန် ခဲယဉ်းသော်လည်း ယခုအခါ ဘုရားသွား၍ ကျောင်းရောက်ရန် သတိရပြီး သွားဖြစ်ကြသည်။

မိမိရင်သွေးများ ကျောင်းတွင် ကိုရင်အဖြစ်၊ ရဟန်းအဖြစ်နှင့် ရှိနေပြီဆိုလျှင် လှူဖို့တန်းဖို့လည်း သတိရသည်။ ကျောင်းက ကိစ္စဝိစ္စရှိလို့ခေါ်လျှင် လည်းကောင်း၊ ကျောင်းကန်ကိစ္စနှင့်ပတ်သက်ပြီး လှူစရာ၊ တန်းစရာရှိလျှင်လည်းကောင်း စသည်ဖြင့် ဘုရားကိစ္စ၊ ကျောင်းကိစ္စမှန်သမျှ အလေးပေး ဆောင်ရွက်တတ်ကြလေသည်။

**ဝိဿာသပရမာ ဉာတိ** – ကျမ်းဂန်ကဆိုသည်၊ **ဉာတိ** – ဆွေမျိုးဟူသည်၊ **ဝိဿာသပရမာ**– အကျွမ်းတဝင်ရှိမှုသာလျှင် အမွန်အမြတ်ရှိချေသည်ဟု ဆိုသည်။ ထိုသို့ မိမိရင်သွေးတို့ သာသနာတော်ရောက်သွားသည်နှင့် ရင်းနှီးမှု၊ အကျွမ်းဝင်မှု စသည်တို့မှာ အလိုလို အထမြောက်သွားကြသည်ချည်း ဖြစ်သည်။ အရင်က ရဟန်းသံဃာများ မိမိထံ မကြွရောက်ဖူးပေမယ့် ယခုမူ မိမိတို့၏ ရင်သွေးများနှင့် စပ်၍ ရောက်တတ်ကြသည်။ ထိုအခါ ရှိခိုးမှု၊ အရိုအသေပြုမှု၊ လှူမှု၊ တန်းမှု ရဟန်း သံဃာတို့၏ အဆုံးအမများ မိမိတို့မှာ ရရှိကြလေသည်။ အကျွမ်းတဝင်ရှိသည်ကိုပင် ဆွေမျိုးတော်စပ်သည်ဟု ဆိုအပ်ပေသည်။

ထိုသို့ သာသနာတော်နှင့် ရင်းနှီးအကျွမ်းဝင်ပြီး ဆွေမျိုးတော်ရသည်ကိုပင် သာသနဒါယဇ္ဇ–သာသနာတော်၏ အမွေခံဖြစ်သည်ဟု ဆိုရခြင်းဖြစ်သည်။

လောက၌ အမွေခံဆိုး၊ အမွေခံကောင်းဟူ၍ နှစ်မျိုးနှစ်စားရှိရာ မိမိတို့မှာ အမွေခံဆိုး၊ အဖြစ်မျိုး မဖြစ်စေဘဲ သာသနာ့အမွေခံကောင်းများသာဖြစ်ဖို့ ဆိုသည်ကိုကား အမြဲသတိရှိပြီး နေထိုင်သွားကြရပေမည်။ ။

# အမွေခံကောင်း၊ အမွေခံသုံးမျိုး၊ ခုချောင် နောင်ကျပ်

ကျွန်တော်တို့ ပြီးခဲ့သော အမှတ်(၅၂)က ရဟန်းမိဘ၊ ရှင်မိဘတို့ သာသနာ့အမွေခံယူရပုံနှင့် အမွေခံဆိုး၊ အမွေခံကောင်းနှစ်မျိုးတွင် အမွေခံကောင်းဖြစ်အောင် ကြိုးစားရန်လိုကြောင်း သတိပေးရေးသားပြီး ဖြစ်သည်။

မှန်ပါသည်။ မိမိတို့၏ သားရတနာတို့ကို သာသနာတော်အတွင်း သွတ်သွင်းချီးမြှင့်ပေးပြီးရုံနှင့် အမွေခံကောင်းဖြစ်မလာသေး။ သာသနာ့အမွေခံကုသိုလ်ထုပ်ကြီးကို ရရှိပြီးရုံသာရှိသေးသည်။ တစ်ဆင့်တက်၍ ထိုအမွေခံကုသိုလ်ထုပ်ကြီးနှင့် ကျွန်တော်တို့ဘဝ အစဉ်သဖြင့် ကောင်းသည်ထက်ကောင်းအောင် ကြိုးစားဖို့လိုနေသေးသည်။

အရင်က ကျောင်းနှင့် စိမ်းနေသယောင်ရှိသော်လည်း ယခုမူ ကျောင်းကန်နှင့် နီးစပ်သွားသည်။ သာသနာနှင့် အကျွမ်းတဝင်ရှိသွားသည်။ သာသနာနှင့်စပ်၍ သဒ္ဓါစေတ၊ မေတ္တာစေတ်များ ခိုင်မာသွားသည်။

သို့အတွက် အရင်ကလို ပစ်စလက်ခတ်ကြီး ဒေါင်ကျကျ၊ ပြားကျကျ နေလို့မဖြစ်၊ နေလို့လည်း မတင့်တယ်၊ ရှက်ရမည့်နေရာ၌ ရှက်တတ်ရမည်။ ကြောက်တတ်ရမည့်နေရာ၌ ကြောက်တတ်နေရမည်။ ကျွန်တော်တို့၏ ကိုယ် နှုတ် အမူအရာနှင့် စိတ်တွေးစိတ်ကြံတို့ကို ခမည်းတော်ဘွဲ့၊ မယ်တော်ဘွဲ့ ရပြီးချိန်မှစ၍ အစဉ်နူးညံ့သိမ်မွေ့သွားအောင် သတိရှိရှိနှင့် ပြုပြင်သွားရပေမည်။

ကျောင်းကန်ဘုရားစသည် ရောက်သွားသည့်အခါများ၌မူ အလကားနေလို့မဖြစ်၊ ကုသိုလ်ပြုစရာကိစ္စများကို တွန်းလုပ်သွားနိုင်ရမည်။ ရေခပ်တန် ခပ်သွားရမည်။ တံမြက်လှည်းတန် လှည်းသွားရမည်။ ပေါင်းမြက်သင်စရာရှိကလည်း ပေါက်၊ နုတ်၊ ခုတ် စသည်တို့ကို လုပ်သွားရမည်။ အချုပ်ဆိုသော် သေနာသနဝတ်နှင့်စပ်၍ လုပ်စရာရှိသမျှ လုပ်ကိုင်သွားရပေမည်။

ထို့ပြင် ရှိခိုးပုံရှိခိုးနည်း၊ ဆွမ်း၊ ပန်း စသည်ကပ်ပုံကပ်နည်း စသည်တို့ကိုလည်း မိမိမသိသေးပါက အချိုးကျကျ မတတ်သေးပါက ဆရာဘုန်းကြီးထံ မေးမြန်းလျှောက်ထား၍ ပြုပြင်သွားရပေမည်။

အထူးသဖြင့် ကျွန်တော်တို့မှီခိုရာ သာသနာတော်က လူကောင်းဖြစ်ရေး သို့မဟုတ် အမွေခံကောင်းဖြစ်ရေး လမ်းညွှန်အဖြစ် ဘောင်ခတ်ပေးထားသော ငါးပါးသီလလုံခြုံရေးကိုမူ အလေးထားပြီး စောင့်စည်းသွားနိုင်ရပေမည်။

သို့မှလည်း သာသနာတော်နှင့်လည်း တွေ့ကြုံ၊ လူ့ဘဝအဖြစ်ကိုလည်းရ၊ ခမည်းတော် မယ်တော်ဟူသော သာသနာ့ဘွဲ့ကြီးကိုလည်း ခံယူရကျိုးနပ်ပေမည်။ သာသနာ့အမွေခံကောင်း ပီသပေမည်။

နောင်ဘဝ အစဉ်အဆက်တို့၌လည်း အခုဘဝလိုပင် သာသနာထွန်းကားရာ အရပ်ဒေသတို့၌ လူဖြစ်ရခြင်း၊ သာသနာနှင့်စပ်၍ သက်ဝင်ယုံကြည်နိုင်ခြင်း စသောအကျိုးထူးတို့ကို ဆုမတောင်းရဘဲ ပြည့်စုံမည်ဖြစ်သည်။

သာသနာပအခါဖြစ်စေဦးတော့ ဘုရားအလောင်း၊ ပစ္စေကဗုဒ္ဓါအလောင်း၊ အရိယာသာဝကအလောင်း၊ ရသေ့သူတော်ကောင်း၊ လူသူတော်ကောင်း၊ နတ်သူတော်ကောင်းတို့နှင့် တွေ့ကြုံဆည်းကပ်ရခြင်း၊ ရသေ့၊ ရဟန်းဖြစ်လွယ်ခြင်း စသောအကျိုး၊ ဘုရားရှင် ပွင့်တော်မူရာနှင့် ကြုံလာပါကလည်း ဘုရားရှင်ကိုဖူးရရုံနှင့် အထူးတလည် သက်ဝင်ယုံကြည်မှုရှိပြီး အခုဘဝမှာလိုပင် သာသနာတော်၏ ဆွေမျိုးရင်းချာဖြစ်နေခြင်း စသောအကျိုးအဆက်ဆက်တို့ကို ဆုမတောင်းဘဲနှင့် ပြည့်စုံရရှိပေမည်။

သို့ဖြင့် ယခုဘဝရရှိလိုက်သည့် သာသနာ့အမွေကုသိုလ်ထုပ်ကြီးကို အသုံးချပြီး မိမိဘဝ အစဉ်ကောင်းမွန် အကျိုးဖြစ်ထွန်းစေရေးအတွက် အမြဲကြိုးစားနေတတ်ရပေမည်။

## အမွေခံသုံးမျိုး

ကျွန်တော်တို့သည် ပြီးခဲ့သော အခန်းတုန်းက ရှင်ဒကာ၊ ရှင်ဒကာမများ၊ ရဟန်းဒကာ၊ ရဟန်းဒကာမများ၏ သာသနာ့အမွေခံအကြောင်းကို အကျဉ်းချုံး၍ ရေးသားတင်ပြပြီးဖြစ်သည်။

ဤနေရာ၌ အမွေခံနှင့်စပ်ပြီး ကျမ်းဂန်များတွင် ဖော်ပြထားသည်မှာ–

၁။ သာသနဒါယဇ္ဇ– သာသနာ့အမွေခံပုံတစ်မျိုး၊

၂။ ဒါယဇ္ဇပရိဘောဂ– ပစ္စည်းလေးပါးသုံးစွဲရာ၌ အမွေခံအဖြစ်ဖြင့် သုံးစွဲပုံတစ်မျိုး၊

၃။ ဓမ္မဒါယာဒ– တရားအမွေခံတစ်မျိုးဟူ၍ သုံးမျိုးရှိနေသည်ကို တွေ့ရသည်။

ထိုသုံးမျိုးအနက် သာသနဒါယဇ္ဇ–သာသနာ့အမွေခံဖြစ်ပုံအကြောင်းကိုမူ လေ့လာမှတ်သားပြီးသားဖြစ်ပေမည်။ ယခု ဆက်လက်ဖော်ပြရမှာက ဒါယဇ္ဇပရိဘောဂခေါ် ပစ္စည်းလေးပါး သုံးစွဲရာ၌ အမွေခံအဖြစ်ဖြင့် သုံးစွဲနိုင်ဖို့အကြောင်းဖြစ်သည်။

သာသနာတော်က ပစ္စည်းလေးပါးဆိုရာ၌ ၁။ သင်္ကန်း၊ ၂။ ကျောင်း၊ ၃။ ဆွမ်း။ ၄။ ဆေးပစ္စည်းတို့ပင်ဖြစ်သည်။

ထိုပစ္စည်းလေးမျိုးကို ရှင်နှင့် ရဟန်းတော်တို့အဖို့ ယခင် လူဝတ်ကြောင်ဘဝတုန်းက သုံးစွဲချင်သလို သုံးစွဲနေကြသော်လည်း ယခုလို သာသနာ့ဘောင်သို့ ရောက်လာသည့်အခါ စည်းမဲ့ကမ်းမဲ့နှင့် သုံးစွဲ၍ မရတော့ချေ။ ဝိနည်းဒေသနာနှင့်အညီ ပိပိရိရိနှင့် ဆရာကောင်းတို့၏ အကွပ်အကဲ၊ အထိန်းအကျောင်းအောက်တွင် သေသေဝပ်ဝပ် သုံးစွဲတတ်ရပေမည်။

ရှင်နှင့် ရဟန်းတို့ဖော်ပြပြီး ပစ္စည်းလေးပါးကို သုံးစွဲကြရာ၌– ၁။ ထေယျပရိဘောဂ၊ ၂။ ဣဏပရိဘောဂ၊ ၃။ ဒါယဇ္ဇပရိဘောဂနှင့် ၄။ သာမိပရိဘောဂဟူ၍ သုံးစွဲနည်းလေးမျိုးရှိပေသည်။

ထိုလေးမျိုးရှိသည့်အနက် ထေယျပရိဘောဂဆိုသည်မှာ ခိုးယူသုံးစွဲသော ပရိဘောဂမျိုးဖြစ်သည်။

ဒကာ ဒကာမတို့က သဒ္ဓါဒေယျ– ယုံကြည်မှုသဒ္ဓါဖြင့် ပစ္စည်းလေးပါးကို လှူဒါန်းသည့်အခါ သုံးစွဲသူဘက်မှ သီလလုံခြုံမှုရှိရပေမည်။ ဒုဿီလ သီလမရှိသူဖြစ်ပါလျက် သီလရှိသူ ရှင်ကောင်း၊ ရဟန်းကောင်း ယောင်ဆောင်သူများအဖို့ ဖော်ပြပြီး ပစ္စည်းလေးမျိုးကိုသုံးစွဲလျှင် လိမ်လည်စဉ်းလဲ၍ ခိုးယူသုံးစွဲရာကျသောကြောင့် ထိုဒုဿီလတို့၏ ပစ္စည်းလေးမျိုးသုံးစွဲမှုကို ထေယျပရိဘောဂ– ခိုးယူသုံးစွဲမှုမျိုးဟု ခေါ်ရလေသည်။

သို့ဖြင့် ထိုသို့ ခိုးယူသုံးစွဲမှုဖြစ်တတ်ပုံအကြောင်းနှင့် စပ်၍လည်း ကျွန်တော်တို့အနေဖြင့်သိရှိနားလည်အောင်လေ့လာထားဖို့လိုလေသည်။

## ခုချောင် နောင်ကျပ်

ကျွန်တော်တို့ ထေယျပရိဘောဂအကြောင်း အမြွက်မျှလေ့လာပြီး ဖြစ်သည်။

ထေယျပရိဘောဂမှာ ဒုဿီလ–သီလမရှိသူဖြစ်ပါလျက် သီလရှိယောင်ဆောင်၍ ပစ္စည်းလေးပါး သုံးစွဲသူတို့အဖို့ ခိုးယူသုံးစွဲရာ ကျမှုကြောင့် ထိုက်ရသောပရိဘောဂဖြစ်သည်။

ဤသို့ မဖြစ်ရလေအောင် ဆရာဖြစ်သော သံဃာတော်တို့ဘက်က ရဟန်းဝတ်၊ ကိုရင်ဝတ်ကြသည့်ရင်သွေးတို့ကို အကျအန သွန်သင်ဆုံးမကြလေသည်။

ရဟန်းဖြစ်ပါကလည်း သိမ်အတွင်းကပင် ရဟန်းဖြစ်သည့်အချိန်ကစပြီး မေထုန်မပြုဖို့၊ သူ့ဥစ္စာမခိုးဖို့၊ လူမသတ်ဖို့၊ ဈာန်မဂ်ဖိုလ်တရားတွေကို မရပါဘဲလျက် ဘုန်းကံကြီးမားလေအောင်၊ ထင်ပေါ်ကျော်ကြားရလေအောင် ငါရတယ်၊ ငါသိတယ် စသည်ဖြင့် ကြွားဝါမပြောဖို့ သွန်သင်ဆုံးမကြလေသည်။

ထို့ပြင် ရဟန်းဝတ်နှင့်နေသမျှ ကာလပတ်လုံးလည်း ရဟန်းသိက္ခာသီလများ အစွန်းအထေး မရှိရလေအောင် နေ့စဉ် ဒေသနာသင်ကြားပေးခြင်း၊ စားပုံသောက်ပုံ၊ နေပုံထိုင်ပုံမှစ၍ သင်ကြားပေးခြင်းတို့ကို တာဝန်ကျေကျေ ပြုကြလေသည်။ ကိုရင်ဖြစ်ပါကလည်း ဆယ်ပါးသီလကို မကျိုးမပေါက် မပျောက်ကြားရလေအောင် အမြဲလိုလို အနီးကပ် သတိပေးတတ်ကြသည်။ ညစဉ်ညတိုင်း ဆယ်ပါးသီလကို ထပ်မံယူစေခြင်း၊ အစားအသောက်၊ အဝတ်အရုံ စသည်တို့ကိုလည်း သေခိယသိက္ခာပုဒ်များနှင့်ညီအောင် သင်ပေးခြင်းတို့ကို ပြုပေးကြလေသည်။

ထိုသို့ အဘက်ဘက်ကနေ လိုကွက်၊ ဟာကွက်၊ ပျော့ကွက်မရှိရလေအောင် သွန်သင်ပေးသော ဆရာတော် သံဃာတော်တို့၏ ကျေးဇူးက အလွန်တန်ဖိုး ကြီးမားလှလေသည်။

ကျွန်တော်တို့ ဒကာဘက်ကသာ–

စည်းကမ်းကြီးလိုက်တာ၊ ချုပ်ချယ်လိုက်တာ၊

ငါတို့သားဖြင့် အနေကျပ်မှာပဲ၊

စသည်ဖြင့်သဘောမပိုက်မိကြဘဲ ပို၍အကြည်ညိုပွားသင့်ပေသည်။

ရှေးစကားရှိသည်။ ခုချောင် နောင်ကျပ်၊ ခုကျပ်၊ နောင်ချောင် ဟူသောစကားပင်ဖြစ်သည်။ ခုကတည်းက ပေါ့ပေါ့နေ၊ ချောင်ချောင်နေက နောင်သံသရာခရီး၌ ဝန်တက်ကြပေသည်။ အခုကတည်းက သိက္ခာပုဒ်စည်းမျဉ်းနှင့်အညီ တင်းတင်းကျပ်ကျပ်နေထိုင်မှ နောင်ချောင်လိမ့်မည်။ လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာနှင့် တွေ့ကြုံခံစားရပေမည်။ ထိုအရေးကို သိလို့မြင်လို့သာ ကျေးဇူးရှင်ဆရာသမားများက သာသနာ၌ တစ်ရက်ပဲနေနေ၊ နှစ်ရက်ပဲနေနေ အနေမချောင်စေဘဲ သာသနာ့စည်းမျဉ်း ယဉ်ကျေးမှုဖြင့် ထိန်းထိန်းကွပ်ကွပ် စောင့်ရှောက်ပေးကြခြင်းဖြစ်သည်။

သို့ဖြင့် ကျွန်တော်တို့ရော၊ သင်္ကန်းဝတ် ရင်သွေးများပါ သာသနာ့အမွေခံကောင်း ဖြစ်ကြရလေအောင် မိမိဘက်က ကြိုတင်သိထားသင့်သည့် အချက်အလက်များကို လေ့လာထားဖို့လိုပေသည်။ ။

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

**ထူးခြားသည့် နေ့အပူချိန်များ**

နေပြည်တော် ဧပြီ ၂၀

| | | |
|---|---|---|
| ချောက် | ၄၃ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၂ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၂ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၄၁ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၁ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဧပြီ ၂၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခုတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✰




နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

## မန်စီးတီးအသင်းက အာဆင်နယ်အသင်းကို အနိုင်ရပြီး ပရီမီယာလိဂ်ဖလားရရှိရန် ပိုမိုနီးစပ်လာ




မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

မန်စီးတီးအသင်းနဲ့ အာဆင်နယ်အသင်းတို့ ဧပြီ ၂၀ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ မန်စီးတီးအသင်းက အာဆင်နယ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ဖလား ရရှိနိုင်မယ့် အခွင့်အရေးနဲ့ ပိုမိုနီးစပ်လာခဲ့ပြီ ဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့ အာဆင်နယ်အသင်းတို့ပွဲစဉ်မှာ အိမ်ရှင်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်း ပွဲကစားချိန် ၁၆ မိနစ်မှာ ချာကီက တစ်ဂိုး၊ ဒုတိယပိုင်း ပွဲကစားချိန် ၆၅ မိနစ်မှာ ဟာလန်းက တစ်ဂိုး သွင်းယူပေးခဲ့ပြီး အာဆင်နယ်အသင်းအတွက် ချေပဂိုး တစ်ဂိုးကိုတော့ ပထမပိုင်း ပွဲကစားချိန် ၁၈ မိနစ်မှာ ကိုင်ဟာဗက်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❍

## မြန်မာ ယူ-၁၇ အမျိုးသမီးအသင်း ဖိလစ်ပိုင်အသင်းအပါအဝင် ဒေသခံအမျိုးသမီး လူငယ်အသင်းများနှင့် ခြေစမ်းပွဲများ ကစားမည်

ရန်ကုန် ဧပြီ ၂၀

၂၀၂၆ အာရှဖလား ယူ-၁၇ အမျိုးသမီးပြိုင်ပွဲကျင်းပမည့် တရုတ်နိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာ ယူ-၁၇ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းသည် ပြိုင်ပွဲမတိုင်မီ ဖိလစ်ပိုင် ယူ-၁၇ အသင်းအပါအဝင် ဒေသခံအမျိုးသမီးလူငယ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းသည် ဧပြီ ၁၉ ရက်မှစ၍ တရုတ်နိုင်ငံ Suzhou မြို့၌ လေ့ကျင့်လျက်ရှိပြီး ပြိုင်ပွဲမတိုင်မီ ၁၀ ရက်ကျော် ကြိုတင်လာရောက်ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းသည် ယင်းကာလအတွင်း ဖိလစ်ပိုင် ယူ-၁၇ အမျိုးသမီးအသင်း

စာမျက်နှာ ၂၁ ကော်လံ ၂ သို့ ❖



မြန်မာ ယူ-၁၇ အမျိုးသမီးအသင်း ကစားသမားများကို တွေ့ရစဉ်။

ယနေ့ ဖတ်စရာ

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၁ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံ

စာမျက်နှာ » ၁၅

စင်ကာပူအိုးပင်း ပြေးခုန်ပစ် ပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ်အဖွဲ့ ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးတစ်ခု ရရှိ

စာမျက်နှာ » ၂၁